


ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ပဋိစ္စသမုပ္ပါဒ်ထွက်ရာလမ်း

၁၂၁

0270

THITSARPARAMI LIBRARY
Date ..................

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ပဋိစ္စသမုပ္ပါဒ် ထွက်ရာလမ်း

(၁-၁၀-၆၂)

ဂေါတမမြတ်စွာဘုရား ဘုရားအလောင်းဖြစ်စဉ်အခါ တုန်းက တွေးကြည့်တယ်...တဲ့၊ သတ္တဝါတွေ ကြည့်လိုက်တယ်၊ အိုလိုက်,သေလိုက်၊ သတ္တဝါတွေ လှမ်းပြီးကြည့်လိုက်၊ အိုလိုက်, သေလိုက် တယ်ပင်ပန်းပါလား၊ ဖြစ်ရာဘဝ အိုလိုက်, သေလိုက်နဲ့ အင်မတန် ပင်ပန်းပါလားဆိုပြီသကာလ သူ့စိတ်ထဲမှာ "ကိစ္ဆံဝတ အယံလောကော"ဆိုတဲ့အတိုင်း တယ်ပင်ပန်းပါလား။

အိုလိုက်,သေလိုက်၊ အိုလိုက်,သေလိုက်၊ တစ်ဘဝဖြစ်ပြန် လည်း ကံပစ်ချရာဘဲ ခန္ဓာက ရောက်တယ်၊ ခန္ဓာက ရောက်ရာမှာ လည်း ဘယ်လိုနေရတုံးဆိုတော့ အိုလိုက် သေလိုက်နဲ့ပဲ အချိန် ကုန်ကြရတယ်၊ တယ်ပင်ပန်းပါလား၊ အင်မတန်ပင်ပန်းတဲ့

အဖြစ်ကြီးနဲ့ ကြုံနေပါလားလို့ သူ့စိတ်ထဲမှာအင်မတန်မှ ကျဉ်းကြပ်ပြီး မကောင်းသော အမူအရာတွေ ပေါ်လာတာ ဘယ့်နှယ်ကြောင့် ဒါလောက်ဖြစ်ရာဘဝမှာ အိုလိုက်, သေလိုက် ဖြစ်ရပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ ကိုယ်တော်မြတ်ကြီး ဘုရားအလောင်းဖြစ်စဉ်က တွေးတောတယ်။

ဒါနဲ့အစရှာမှ တော်မယ်လေ၊ သစ်ပင်တစ်ပင် တွေ့လို့ရှိရင်ဖြင့် သစ်ပင်အဖျားက ဖြတ်နေရင် အလကားဘဲ၊ အရင်းကျဖြတ်မှ သူ မျိုးပြတ်မယ်ဆိုပြီးသကာလ အရင်းရှင်မှ တော်မယ် ဆိုတဲ့စိတ်ဟာ ပေါ်ပေါက်လာတယ်...(မှန်ပါ့ဘုရား)။

သတ္တဝါတွေကြည့်တော့ ပင်ပန်းလွန်းလို့နော်...(မှန်ပါ့) ဒီအတိုင်းသာ အဖျားဖြတ်နေမယ် ဆိုလို့ရှိရင်ဖြင့် နေရာမကျဘူး၊ အရင်းဖြတ်တဲ့အလုပ်ဟာဖြင့် အမြစ်ပြတ်တဲ့အလုပ်၊ နောင်ကို အညွန့်အညှောက်မပေါက်တဲ့အလုပ်၊ ဒီအလုပ်မှ နေရာကျမယ် ဆိုပြီးသကာလ သစ်ပင်ကို နွယ်ပင်ကို အဖျားကနေပြီး မြှောက်တယ်၊ အရင်းအရိုးရှာတဲ့နည်းကို ရှာလိုက်ပါတယ်...(မှန်ပါ့)။

နွယ်ပင်တွေမှာ ချုံထဲမှ အပြင်ထွက်လာတဲ့အခါ အဖျားဖြတ်ရုံဖြင့် တစ်ညွန့်က နှစ်ညွန့်တောင် ပွားလာသေးတယ်။ အဲဒီတော့ ဒီဟာ အမြစ်ရှာမှပဲဆိုပြီး ရှာရသလို၊ ဘုရားအလောင်း နစဉ်အခါတုန်းက ရှာတော်မူတဲ့အခါမှာ အဖျားက မြှောက်ပြီး သကာလ အရင်းအမြစ်ကို မောင်သစ်ရှာတယ်လို့ အောက်မေ့ရမယ်...(မှန်ပါ့) သတ္တဝါအစ, ရှာတာပေါ့ဗျာနော်...(မှန်ပါ့)။

## သတ္တဝါအစ တွေ့မည်နေ

အဲဒီ သတ္တဝါအစ,ရှာတော့ ဒကာ၊ဒကာမတွေ ဒီနေ့တော့ သတ္တဝါအစ,တွေ တွေ့ပါလိမ့်မယ်၊ တွေ့ပြီးသကာလ အစကို ဉာဏ်နဲ့ ဖြတ်လိုက်လို့ရှိရင်ဖြင့် တစ်ခါတည်း ရောက်ရာဘဝ အို,နာ,သေဆိုတဲ့ အဓိပ္ပါယ်တွေဟာ အလုံးစုံ အကုန်ရှင်းလင်းပြီး သကာလ သွားပါလိမ့်မယ်လို့ဆိုတာ တရားနာနေတဲ့ ဒကာဒကာမ တွေက ဪ...ဒီလိုလုပ်ရင် ဒီလိုရှင်းသကိုးဆိုတာကိုပဲ မှတ်ထားရပါလိမ့်မယ်...(မှန်ပါ့ဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ဘုရားအလောင်း ပင်ပန်းတာနဲ့ အို,သေ၊ အို,သေကြည့်လိုက်၊ ဘယ်သူ့ကြည့်လိုက်ကြည့်လိုက် အို,သေ ပါလာတယ်၊ ဘယ်သူ့ကြည့်လိုက်လည်း အို,သေပါလာတယ်၊ အို...ခန္ဓာဖြစ်ရင် အို,သေပါတာချည်းပဲ၊ ခန္ဓာဖြစ်ရင် အို,သေ ပါလာတာချည်းပဲဆိုတော့ သူ့စိတ်ထဲ မြင်တော့ အင်မတန် ပင်ပန်းတော်မူတယ်...(မှန်ပါ့ဘုရား)။

အစ, ရှာမယ်ကွာဆိုပြီးတော့ အဖျားတော့တွေ့ပြီဟေ့... အဖျားကတော့ တွေ့တာအမှန်ဘဲ၊ အရင်းမကောင်းလို့ အဖျား မကောင်းတာပဲ...(မှန်ပါ့ဘုရား)။

အရင်းမကောင်းလို့ အဖျားမကောင်းတာပဲ ဆိုပြီး သကာလ အားလုံး ဒကာ၊ဒကာမတွေ အရင်းရှာတယ်...(မှန်ပါ့ဘုရား)။

ဒီဒကာ၊ဒကာမတွေလည်း အရင်းတော့ ရှာတော့ရှာကြ တာပဲ၊ ဪ...ကံမကောင်းလို့ အသက်တိုတိုနဲ့ အနာများ ရတယ်၊ အရင်းတော့ရှာတော့ ရှာတာဘဲ၊ ကံကိုရှာတွေ့နေ တယ်...(မှန်ပါ့ဘုရား)

လွဲပါတယ်တဲ့၊ ကံရှာတွေ့နေတာ လွဲပါတယ်၊ ဒကာ ဒကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ် စာရွက်ကို ကြည့်ပါလို့ သတိပေးလိုက်တယ်နော်...(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီအထဲမှာ စတုတ္ထနံပါတ်ကိုကြည့်လိုက်၊ ၄-နံပါတ်ကြည့်လိုက်တော့ အို,သေမတွေ့ဘူးလား-ဇရာ, မရဏတဲ့...(တွေ့ပါတယ်ဘုရား)။

## အိုသေဟာ ဇာတိက လာတာ

ကြည့်ကြပါ-ကြည့်ကြပါ ဇရာ,မရဏတွေ့ပြီ၊ ဇရာ, မရဏဆိုတာ ဩော်...ဘုရားအလောင်းဖြစ်စဉ်အခါက အို, သေဆိုတာ ဒီအို,သေနဲ့ချည်းပဲ ဇာတ်သိမ်းရတာ ပင်ပန်းလိုက်တာဆိုပြီး သူရှာတဲ့အခါကျတော့ အို,သေဆိုတဲ့ ဇရာ, မရဏဟာ ဒကာ၊ဒကာမတို့ နောက်ပြန်ဆုတ်ကြည့်ပါ ဇာတိက လာပါတယ်...(မှန်ပါ့) မလာဘူးလား...(လာပါတယ်ဘုရား)။

ဩော်...ဒါဖြင့် အို,သေက တခြားက လာတာမဟုတ်ပါဘူး။ ဇရာ,မရဏဟာ တခြားက လာတာမဟုတ်ပါဘူး၊ ပဋိသန္ဓေ နေမိလို့ လာတာပဲဆိုတဲ့ သူ့နွယ်ကို အဖျားမြှောက်လိုက်တော့ တော်တော်ကလေးတော့ဖြင့် အရင်းနား နီးလာပြီဆိုတဲ့ အဓိပ္ပါယ်ကိုရောက်ပြီ...(မှန်ပါ့ဘုရား)။

## ဇာတိဘယ်က လာပါလိမ့်

ဒါနဲ့ပဲ လိုက်ပြီးမြှောက်ပြန်တော့ နွယ်ကြီးမြှောက်မြှောက်သွားတော့ ဇာတိဘယ်က လာပါလိမ့်မလဲ-လို့ဆိုတော့ ဒကာ၊

ဒကာမတွေ ပဋိစ္စသမုပ္ပါဒ်ကြည့်စမ်း ဘယ်ကလာသတုံးဟင် . . . (ကမ္မဘဝကပါဘုရား)

ကမ္မဘဝက လာတယ်၊ တစ်ခုစီ နောက်ဆုတ်ပါ . . .(မှန်ပါ့) အေး . . .ကမ္မဘဝက လာတယ်။

ဩော် . . .ကမ္မဘဝဆိုတာ ကံပစ်ချသလို ဇာတိဖြစ်ရပါလား ဒါကြောင့် အို,သေဆိုတဲ့ ဇရာ,မရဏတွေ လာတာပါလား . . .။ အစရှိသည်နဲ့ နွယ်ကြီးအဖျားက မြှောက်မြှောက်ပြီး ရှာလိုက်တဲ့ အခါကျတော့ အဲ . . .ကမ္မဘဝတော့သိပြီကွာ။

## ကမ္မဘဝက လာတယ်

ကဲ . . .ဒါဖြင့် အို,သေက ဘယ်က လာသတုံးဆိုတော့ ဇာတိက လာတယ်။ ဇာတိဘယ်က လာသတုံးဆိုတော့ ကမ္မဘဝ ကလာတယ်။ ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

ဩော် . . .ဒီကမ္မဘဝဟာလဲ ဘယ်ကများလာလို့ ဒီကံတွေ ဖြစ်ပေါ်လာလိမ့်မတုံးလို့ မေးတော့ မောင်သစ် ဘာလာတွေ့ သတုံး . . .(ဥပါဒါန်က လာပါတယ်) တွေ့ပလား . . .(တွေ့ပါပြီ) ဘာတွေ့သတုံး . . .(ဥပါဒါန်တွေ့ပါတယ်ဘုရား)။

## ဥပါဒါန်ကြောင့် ကံဖြစ်တယ်

ဩော် . . .စွဲလမ်းမှု ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်, အတ္တဝါ ဒုပါဒါန်ဆိုတဲ့ ဥပါဒါန်လေးပါးကြောင့်ဖြစ် ရတာပဲဆိုတာ ဘုရားအလောင်းဖြစ်စဉ်အခါတုန်းက နောက်ဆုတ် တွေးလိုက်တော့ ဒါလာတွေ့တယ်နော် . . .(မှန်ပါ့)ရှင်းကြပလား

...(ရှင်းပါပြီ)။

အဲဒီတော့ ကံနေရစ်ပြီ မောင်သစ်ရေ...(မှန်ပါ) မင်းတို့ ထင်နေတဲ့ ကံနေရစ်ပြီ...(မှန်ပါ)။

ဘယ့်နှယ်တုံး ခင်ဗျားတို့က အို,ကံမကောင်းလို့၊ နာ,ကံမကောင်းလို့ပေ့ မဟုတ်ပါဘူးကွ၊ နွယ်အရင်းရှာတဲ့ဥစ္စာ အရင်းမှ မဟုတ်ဘဲနဲ့ မင်းတို့ဟာ အဖျားကို အရင်းလုပ်ထားတဲ့ အဓိပ္ပါယ်ကို မရောက်ဘူးလား...(ရောက်ပါတယ်ဘုရား)။

## တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်

အဖျားကို အရင်းလုပ်ထားတဲ့ အဓိပ္ပါယ် ရောက်ပြီး သကာလ နေတဲ့အတွက်...တဲ့...၊ ဘုရားအလောင်း နစဉ် အခါတုန်းက ရှာလိုက်တဲ့အခါ ဥပါဒါန် ဘယ်က လာပါလိမ့်မလဲ ...လို့ပြန်တွေးတော့ ဒကာ၊ဒကာမတွေ ဘာတွေ့ကြသတုံး... (တဏှာတွေ့ပါတယ်ဘုရား)။

တဏှာတွေ့တယ်၊ ဒီတဏှာကြောင့် နိဂုံးချုပ်လိုက် မောင်သစ် အို,သေလာတယ်၊ မဟုတ်ဘူးလား...(ဟုတ်ပါ တယ်ဘုရား)။

ကံဟုတ်သေးရဲ့လား...(မဟုတ်ပါဘူး) မဟုတ်ပါဘူးတဲ့၊ ကံမဟုတ်ပါဘူး ဒကာ၊ဒကာမတို့ သေသေချာချာမှတ်ပါ...၊ ကံမကောင်းလို့ အို၊ ကံမကောင်းလို့ နာ၊ ကံမကောင်းလို့ သေလို့ ခင်ဗျားတို့ ဇွဲချက်က လွဲပြီးသကာလနေတော့ လုပ်တဲ့ လူလက်သည် မဟုတ်ဘဲနဲ့ ဟုတ်လား...မဟုတ်တဲ့ လူလက် သည်ဖမ်းနေလို့ရှိရင်...ဘယ်နည်းနဲ့မှ ဒီအမှု အမှန်ရောက်နိုင်ပါ

မလား...(မရောက်နိုင်ပါဘုရား) ဒီအမှုမှန် မရောက်နိုင်ဘူးဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ဝေဒနာကြောင့် တဏှာဖြစ်တယ်

အေး...ဒါကြောင့်...ဘုရားအလောင်း နုစဉ်အခါတုန်းက အို,သေသည် အင်မတန် ပင်ပန်းတဲ့အလုပ်၊ ဒါဘယ်က လာပါလိမ့်မယ်တုံးလို့ နောက်ဆုတ်, နောက်ဆုတ်နဲ့ နွယ်ကြီးအဖျားက မြှောက်ရှာသလို ရှာလိုက်တော့ ဒီတဏှာကလဲ ဘယ်ကများ လာပါလိမ့်မလဲ...လို့မေးတဲ့အခါကျတော့ အကြံအစည် ဖြစ်လိုက်တော့ ဒကာ၊ဒကာမတွေ ဘာတွေ့သလဲ...(ဝေဒနာတွေ့ ပါတယ်ဘုရား) ဝေဒနာတွေ့ပါတယ်။

ဝေဒနာဆိုကတည်းက ခင်ဗျားတို့ တွေ့ပြီ...။ခန္ဓာတွေ့ပြီ ...(မှန်ပါ့) ဒီကျမှ ခန္ဓာလာတွေ့တယ်...(မှန်ပါ့) ခန္ဓာက ပေါက်ဖွားတာ ရှင်းပလား...(ရှင်းပါပြီ)။

ဝေဒနာ မတွေ့ဘူးလား၊ ကဲ...(တွေ့ရပါတယ်ဘုရား)။

အားလုံးဒကာဒကာမတွေ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး နုစဉ်အခါတုန်းက တွေးလိုက်ခြင်းကြောင့် တွေးလုံးကို မှန်မှန်ဖြစ်အောင်လို့ မောင်ချစ်စိန်က တွေးတတ် အောင်လို့ မင်းတို့ အတွေးလွဲလို့ရှိရင် အဖမ်းလွဲ၊ အဖမ်းလွဲလို့ရှိရင် အသတ်လွဲ၊ အသတ်လွဲလို့ရှိရင် အညွန့်ပေါက်မှာ...(မှန်ပါ့) အသေဖြစ်ပဲလား၊ အညွန့်ပေါက်သွားပလား...(အညွန့်ပေါက် သွားပါပြီဘုရား)။

## မြန်မာတွေမှာ ကမ္မဝါဒီ ဒိဋ္ဌိများတယ်

အဲဒါကြောင့်...ကမ္မဝါဒီ ဒိဋ္ဌိများဟာ သိပ်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်လာကြပလား...(ပေါ်ပါပြီဘုရား)။

မြန်မာတွေမှာ ကမ္မဝါဒီ ဒိဋ္ဌိများတယ်၊ ဘာဖြစ်ဖြစ် ကံချည်း ချလိုက်တာဘဲ၊ ဟင်...(မှန်ပါ့)။

ဘာလေးဖြစ်ဖြစ် ဘာစွဲချက်တင်လိုက်သတုံး...(ကံကိုသာ စွဲချက်တင်ပါတယ်ဘုရား)။

ရောင်းကောင်းလဲ ကံပဲ၊ ရောင်းမကောင်းလဲ ကံပဲ... (မှန်ပါ့) သစ်ပင်အညွန့်ပေါက်တာလဲ–အင်း...ကံကောင်းတော့ မိုးရွာတယ် မိုးရွာတော့ အညွန့်ပေါက်တယ်။

နေ့စဉ် ကံပဲ ထည့်နေတော့ အတော်ခဲယဉ်းတာ ပြုသမျှ ကိစ္စလေးတွေကို မှတ်နော်...(မှန်ပါ့)။

## ဖဿကြောင့် ဝေဒနာဖြစ်

အဲဒီတော့ကို ဒီဝေဒနာ ဘယ်က လာပါလိမ့်မလဲလို့ တစ်ခါဆက်တွေးပြန်တော့ ဖဿက လာတယ်...(မှန်ပါ့) ဖဿဆိုတော့လည်း ခန္ဓာပဲ ပြန်တွေ့တယ်၊ သဟဇာတ ခန္ဓာလာ တွေ့တယ်၊ သဟဇာတဆိုတာ ဝေဒနာနဲ့ဖဿ ဘယ်တော့မှ ခွဲတာမဟုတ်ဘဲကိုး...ဝေဒနာတွေ့တာဘဲ၊ သို့သော်...ဖဿကို အမွှမ်းတင်လိုက်ပါ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အင်း...ဝေဒနာသုံးပါးကြောင်း တဏှာဖြစ်တယ်...၊ ဖဿခြောက်မျိုးကြောင့် ဝေဒနာခြောက်မျိုးဖြစ်တယ်၊ ဟုတ်တယ် သူ့ကြောင့်ပဲ အို့သေတွေလာတာပဲ၊ အို့သေဟာ သူကချည်း

လာတာ...(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီ)။

ကဲ...ဒါနဲ့ ဆက်ပြီးသကာလ တွေးပြန်တော့ ဒီဖဿကလဲ ဘယ်ကများ လာတုံး...မိုးပေါ်ကျပဲလား၊ ဘယ့်နှယ်ကြောင့် ဖြစ်ပေါ်လာပါလိမ့်မတုံး သူလည်း အို့သေလက်သည် တစ်ယောက်အပါအဝင်ဘဲ...။အို့သေဖြစ်ကြောင်းဘဲ ဆိုပြီ သကာလ တွေးလိုက်တော့ သူလည်း မိုးပေါ်ကျ မဟုတ်ဘူးနော်... (မှန်ပါဘုရား) သဠာယတနကြောင့်...(မှန်ပါ) မတွေ့သေးဘူးလား...(တွေ့ပါပြီဘုရား)။

သဠာယတနကြောင့်ဖြစ်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ဒကာဒကာမတွေ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖဿဘယ်က လာသတုံး...(သဠာယတနက ပါဘုရား) ဩော်...သဠာယတနတည်းဟူသော အကြောင်းကြောင့် ဖဿဖြစ်ရတယ်ဆိုတော့ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန ဆိုတဲ့အတိုင်း ဒီအာယတနတွေကြောင့် ဖဿဖြစ်ရတယ်၊ ဒီသဠာယတနကလဲ မိုးပေါ်ကျပဲလား...သူဟာ အကြောင်းကြောင့် ပေါ်လာတာပဲလားလို့ ဆက်ပြီးသကာလ ဒကာဒကာမတွေ တွေးပါဦး...တဲ့(နာမ်ရုပ်ကြောင့်ပါဘုရား)။

နာမ်ရုပ်က လာတယ်၊ ပဋိလောမ တွေးရင်... (မှန်ပါဘုရား) နာမ်ရုပ်ရှိလို့ပေါ့၊ အို့သေလာတာပဲဟ...(မှန်ပါဘုရား)။

**နာမ်ရုပ်မရှိရင် အို,သေမလာဘူး**

ပေါ်ကြပလား...(ပေါ်ပါပြီ) နာမ်ရုပ်မရှိရင်...(အို,သေမလာပါဘုရား)။

နာမ်ရုပ်မရှိရင် အို,သေမလာဘူး...တဲ့...၊ ဒီဒကာဒကာမတွေက အို,သေလောက်ကြောက်တယ်၊ ကျုပ်တော့...အိုရမှာ အကြောက်ဆုံးပဲ၊ သေရမှာ အကြောက်ဆုံးပဲဆိုတော့ နာမ်ရုပ်မှမကြောက်ပဲ...(မှန်ပါ့) နာမ်,ရုပ် ကြောက်လိုက်လို့ရှိရင် အို,သေမလာဘူး...(မှန်ပါ့)။

မဟုတ်ဘူးလား၊ နာမ်,ရုပ်မလိုချင်၊ မရချင်လို့ရှိရင် အို,သေဘယ့်နှယ်နေပါ့မလဲ...(မလာပါဘုရား)။

အို,သေမလာဘူး...တဲ့၊ အခုတော့ နာမ်နဲ့ရုပ်တော့ဆုတောင်းယူကြပြီးသကာလ အို,သေကျတော့ ကြောက်နေတော့ ဦးတင်မဖြစ်နိုင်ဘူး...(မှန်ပါ့)ဖြစ်နိုင်ပါ့မလား...(မဖြစ်နိုင်ပါဘုရား)။

အဲဒါကြောင့် ဒီနာမ်ရုပ်ကလဲ–တစ်ခါ မိုးပေါ်ကျပဲလား...ဘယ်လိုသောအကြောင်းကြောင့် သူပေါ်ပေါက်လာပါလိမ့် မတုံးလို့တွေးပြန်တော့လဲ ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ်ကြောင့်...(မှန်ပါ့)။

ဒီကျတော့ လက်သည်မိပြီ...(မှန်ပါ့) ရှင်းတယ် မဟုတ်လား...(ရှင်းပါတယ်ဘုရား)။

ကဲ...ဒါဖြင့် နာမ်ရုပ်ဟာ ဝိညာဏ်ကြောင့် လာတယ်ဆိုလိုက်တော့၊ ဩော်...ဝိညာဏ်ရှိလို့ နာမ်ရုပ်ပေါ်တယ်၊ နာမ်ရုပ်ရှိလို့ အို,သေလာတယ်...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီ)။

## ဝိညာဏ်ရှိလို့ နာမ်ရုပ်ပေါ်တယ်

ဝိညာဏ်ရှိလို့ နာမ်ရုပ်ပေါ်တယ်...၊ နာမ်ရုပ်ရှိလို့... (အို,သေလာပါတယ်ဘုရား) အဲဒီတော့...နာမ်ရုပ်နဲ့ ဝိညာဏ်နဲ့ဟာလည်း အကြောင်းအကျိုးသာ ဆိုကြတာ သူတို့ဝိညာဏ်က အကြောင်းစစ်စစ် နာမ်ရုပ်က အကျိုးစစ်စစ်လားလို့...ဒီလိုလည်း ဘုရားအလောင်းဖြစ်စဉ်အခါတုန်းက တွေးလိုက်ပြန်တော့လဲ... မဟုတ်ဘူးဟေ့...သူတို့က "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ ဝိညာဏံ"တွေ...(မှန်ပါ) အညမညတွေပဲ...(မှန်ပါ) သဘောကျပလား...(ကျပါပြီ) အညမညတွေချည်းပဲ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

## ဝိညာဏ်နဲ့နာမ်ရုပ်ဟာ ဖြစ်ဖော်ဖြစ်ဖက်

ဝိညာဏပစ္စယာ...(နာမရူပံပါ) နာမရူပ ပစ္စယာ... (ဝိညာဏံပါဘုရား)ဟာ...ဒါဖြင့် နာမ်ရုပ်နဲ့ ဝိညာဏ်နဲ့ဆိုတဲ့ ဥစ္စာ တစ်ခါတည်း ဖြစ်ဖော်ဖြစ်ဖက်ဖြစ်တယ်...(မှန်ပါ) သဘော ကျပလား...(ကျပါပြီ)။

ဖြစ်ဖော်ဖြစ်ဖက် ဖြစ်ပြီးသကာလနေတော့ ဝိညာဏ်ကို ဝိညာဏဓာတ်ခြောက်ပါးကိုလည်း ခင်ဗျားတို့ ဖြစ်ပျက်ရှုလိုက် လို့ရှိရင် နာမ်ရုပ်ချုပ်ရတော့မယ်...(မှန်ပါ) နာမ်ရုပ်ချုပ်လို့ရှိရင် နာမ်ရုပ်ကြောင့်ဖြစ်တဲ့ သဠာယတနဟာ နေရစ်ရမှာပဲ၊ ပေါ်နိုင်ပါ ဦးမလား...(မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် သြော်..."ဝိညာဏပစ္စယာ နာမရူပံ"လို့ ဘုရားက

ဟောထားသောကြောင့် "နာမရူပ ပစ္စယာ ဝိညာဏံ"လို့လည်း ဟောထားသောကြောင့် သူတို့ရှိလို့ရှိရင် အို,သေလာတယ်... (မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီ)။

သူတို့ရှိလို့ရှိရင်...(အို,သေလာပါတယ်) ဝိညာဏ်,နာမ်ရုပ် ရှိရင်...(အို,သေလာပါတယ်ဘုရား) အို,သေလာတာဘဲဆိုတော့ အို,သေဆိုတာ ဝိညာဏ်, နာမ်ရုပ်ကြောင့်...(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီ)။

## ဝိညာဏ် နာမ်ရုပ်ရှိရင် အို,သေလာတယ်

အို,သေဆိုတာ ဘယ်က လာသတုံး...(ဝိညာဏ်နာမ်ရုပ်က လာပါတယ်) ဝိညာဏ်နာမ်ရုပ်ကြောင့် ဝိညာဏ်နဲ့ နာမ်ရုပ်က တွဲလျက်...(မှန်ပါ့)။

ဝိညာဏပစ္စယာ...(နာမရူပံပါဘုရား) နာမရူပ ပစ္စယာ ...(ဝိညာဏံပါဘုရား) အတူတူပဲကွ...တဲ့၊ နဠကလာပီသုတ် မှာလည်း ဟောတယ်၊ ကျူစည်းတွေ နှစ်ခုထောင်ထား၊ ထိပ်တိုက် ထောင်ထား...၊ တစ်စည်းဆွဲရင် တစ်စည်းလဲတာပဲကွ...တဲ့ ...၊ ဒီမှာလည်း ဝိညာဏ်ချုပ်လို့ရှိရင် နာမ်ရုပ် လဲတာပဲ ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ)။

အဲဒီတော့ ဝိညာဏ်ဆိုတာ ဘာပါလိမ့်မတုံးလို့ ပဋိသန္ဓေ ဝိညာဏ်, ပဝတ္တိဝိညာဏ် နှစ်မျိုးခွဲလိုက်...(မှန်ပါ့)။

## ပဝတ္တိဝိညာဏ်

ပဋိသန္ဓေတုန်းက ပဋိသိန္ဓေစိတ်ကို ပဋိသန္ဓေဝိညာဏ်လို့ ခေါ်တယ်...(မှန်ပါ့) ယခုအခါမှာ မြင်စိတ်,ကြားစိတ် ဘုန်းကြီး ရေးထားတဲ့ ဆယ့်နှစ်ခုကို ပဝတ္တိဝိညာဏ်...လို့ခေါ်တယ်... (မှန်ပါ့) ယခုအခါမှပေါ်တဲ့ ဝိညာဏ်ပဝတ္တိဝိညာဏ်၊ စ,စခြင်း ပေါ်တဲ့ ဝိညာဏ် ပဋိသန္ဓေဝိညာဏ်...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ)။

## ပဋိသန္ဓေဝိညာဏ်

စ,စခြင်းပေါ်တဲ့ဝိညာဏ်...(ပဋိသန္ဓေ ဝိညာဏ်ပါဘုရား) ယခုအခါမှာ စိတ်တွေ ဘာစိတ်ပေါ်ပေါ်...(ပဝတ္တိဝိညာဏ် ပါဘုရား) ပဝတ္တိဝိညာဏ်လို့ ဒကာ၊ဒကာမတွေ မှတ်လိုက်တော့ ရှင်းသွားတာပေါ့...(မှန်ပါ့) မရှင်းဘူးလား...(ရှင်းပါတယ် ဘုရား၊)။

## ဝိပဿနာရှုရင် အို,သေဇာတ်သိမ်းတယ်

ဒါဖြင့် ဒီဝိညာဏ်ကို ကျုပ်တို့က အင်း...သူ့ကြောင့် အို,သေ လာတာပဲဆိုပြီ ဝိညာဏ်ကို ကျုပ်တို့က ကဲကွာ...မင်းကို ဝိညာဏ်ဘဲ ငါ,ဝိပဿနာရှုပါတော့မယ်ဆိုရင် အို,သေ ဇာတ်သိမ်းပါတယ်...၊ ပေါ်ပြီ ဦးတင်ရဲ့...(မှန်ပါ့)။

ဝိညာဏ်ရှုလိုက်လို့ရှိရင်...(အို,သေ ဇာတ်သိမ်းပါတယ် ဘုရား)။

ဝိညာဏ်နောက်က မဂ်လိုက်လာလို့ရှိရင်တော့...ဒကာ၊

ဒကာမတို့ တစ်ခါတည်း တဏှာ,ဥပါဒါန်တို့ လိုက်နိုင်သေးရဲ့လား...(မလိုက်နိုင်ပါဘုရား)။

စဉ်းစားကြည့်ပါ...တဲ့၊ ဝိညာဏ်နဲ့ နာမ်ရုပ်ဆိုတာ အကုန်ပါသွားပြီ၊ ပဝတ္တိဝိညာဏ်နဲ့ဆိုရင် ပဝတ္တိဝိညာဏ်က စိတ်ကုန်တယ်၊ ဟုတ်လား...(မှန်ပါ) နာမ်ရုပ်က စေတသိက်ကုန်–ရုပ်ကုန်တယ်ဆိုတော့ ဘာကျန်သေးသတုံး...(မကျန်ပါဘုရား)

မကျန်တော့ ဖဿဝေဒနာဆိုတာ အစွန်းထွက်တာရှိတယ်...ဒီဟာ နာမ်ရုပ်ထဲ ပါသွားပြီနော်...(မှန်ပါ) မပါဘူးလား...(ပါ,ပါတယ်ဘုရား)။

အဲဒီတော့ ဒီထဲက ဝိညာဏ်တစ်ခုကို ကျုပ်တို့ ဝိပဿနာဉာဏ်နဲ့ ရှုလိုက်ရလို့ရှိရင် အခုနင်က တဏှာ, ဥပါဒါန်, ကံတွေလဲမလာ–ဇာတိ,ဇရာ, မရဏတွေကော...(မလာပါဘုရား)။

**စိတ္တာနုပဿနာ**

ဩော်...ဒါဖြင့် ဝိညာဏ်ရှုလို့ရှိရင် ဘာအနုပဿနာဖြစ်ပါ့မလဲလို့ မေးတဲ့အခါကျတော့ စိတ္တာနုပဿနာ...၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဝိညာဏ်ရှုရင် ဘာအနုပဿနာဘာလိမ့်...(စိတ္တာနုပဿနာပါဘုရား)။

စိတ္တာနုပဿာနဆိုတော့ ခင်ဗျားတို့ စာရွက်ကလေးတွေ ပေးထားတဲ့ ဩော်...ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်တာပဲ...

(မှန်ပါ့) နာမ်ရုပ်ချုပ်ရင် ဟိုဘက်–၄–နံပါတ်မှာရှိတဲ့ ဇရာ, မရဏကော...(ချုပ်ပါတယ်ဘုရား)။

လက်သည်အမြစ်တွေ့ပေါ့ဗျ...(တွေ့ပါပြီ)ဒါဖြင့် အမြစ်ဖြတ်ကြစို့...(မှန်ပါ့) ဆိုနိုင်ကြပလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဒကာ၊ဒကာမတွေ ဘယ်လိုမှတ်ကြမယ်...(အမြစ်ဖြတ်ကြရပါမယ်ဘုရား)။

အမြစ်ဖြတ်ရမယ် အမြစ်ဖြတ်ရမယ်ဆိုတော့ ဒကာ၊ဒကာမတို့ စိတ္တာဝိညာဏ်ရှုလိုက်လို့ရှိရင် အမြစ်ပြတ်ပါပြီ...(မှန်လှပါဘုရား)။

ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ...(ဝိညာဏံပါဘုရား) ကဲ...တစ်ခါသွားလိုက်ဦး၊ ဝိညာဏနိရောဓာ...(နာမရူပနိရောဓော) နာမရူပနိရောဓာ...(ဝိညာဏ နိရောဓော) ဟော...သူပြတ်ရင် အကုန်ပြတ်တယ်...(မှန်ပါ့)။

ဒါဖြင့် သူတို့နှစ်ခုကို၊ ဝိညာဏ်တစ်ခုကိုပဲ ဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်–မဂ် ရှုတဲ့ဥစ္စာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါလိမ့်မယ်...(မှန်ပါ့) မဖြစ်ပေဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တဲ့အခါကျတော့ ဝိညာဏ်ပဲ ချုပ်ငြိမ်းသွားပေါ့ နာမ်ရုပ်က တန်းလန်းကျန်ဦးမှာလား...(မကျန်ပါဘုရား)။

သဠာယတနတွေကကော...(မကျန်ပါဘုရား) အို,သေတွေကကော...(မကျန်ပါဘုရား)။

ဟာ...ဒါဖြင့် ဆရာဘုန်းကြီးပေးထားတဲ့ စိတ္တာနုပဿနာ

ဆိုတာ ဝိညာဏာနုပဿနာပဲ...(မှန်ပါ့)ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

**တစ်ချို့နေရာ ဝိညာဏ်သုံးတယ်၊ တစ်ချို့နေရာ စိတ်သုံးတယ်**

ဆရာဘုန်းကြီးပေးထားတဲ့ စိတ္တာနုပဿနာဆိုတာ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ သိမ်းလိုက်တော့ ဝိညာဏာနုပဿနာ...(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။ အဲ...တစ်ချို့နေရာ ဝိညာဏ် သုံးတယ်၊ တစ်ချို့နေရာ စိတ်သုံးတယ်၊ သဘောကျပလား... (ကျပါပြီ) သတိပဋ္ဌာန်နေရာမှာ စိတ်သုံးတယ်...၊ ပဋိစ္စသမုပ္ပါဒ် နေရာကျတော့ ဘုရားက ဝိညာဏ်သုံးတယ်...(မှန်ပါ့) မသုံး ဘူးလား...(သုံးပါတယ်ဘုရား)။

**စိတ်နဲ့ဝိညာဏ်အတူတူပဲ**

အေး...သို့သော် အတူတူပဲဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းကြ ပလား...(ရှင်းပါပြီ) စိတ်ရှုလည်း ရတာဘဲ၊ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ဒကာမတွေ အို,သေကိုဖြင့် တပည့်တော်တို့ ကြောက်ပါတယ်၊ ရွံပါတယ်၊ မုန်းပါတယ်၊ အို,သေမရှိရာဘဲ ရောက်ချင်ပါတယ်၊ လှမ်းချင်ပါတယ်၊ သွားချင်ပါတယ် ဆိုရင်ဖြင့် ဝိညာဏ်ကို ဆုံးအောင်ရှု...(မှန်ပါ့) မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား)။

ဝိညာဏ်ကို ...(ဆုံးအောင်ရှုရမှာပါဘုရား) အဲ... ဝိညာဏ်ကို ဆုံးအောင်ရှုလိုက်တော့ ရုပ်နာမ်က တွဲလောင်း

ကျန်သေးလား...(မကျန်ပါ) သင္ခါယတနက...(မကျန်ပါ) အဲ...အမြစ်ဖြတ်ပစ်လိုက်ပြီ...(မှန်ပါ့)။

ဒကာ၊ဒကာမတို့ ဘာဖြတ်ပစ်လိုက်သလဲ...(အမြစ်ဖြတ်ပစ်လိုက်ပါတယ်ဘုရား)။

အမြစ်ဖြတ်ပစ်လိုက်တယ်ဆိုတဲ့ဥစ္စာ ဦးတင် ဒီနေ့တရားဟာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ပဲ...(မှန်ပါ့)။

မောင်ချစ်စိန် အဖိုးတန်သွားပြီ...(တန်သွားပါပြီဘုရား) အခုပေးထားတဲ့ စိတ္တာနုပဿနာဟာ တော်တော် အရင်းကျကျတဲ့ဟာပါလား၊ အို့,သေဖြတ်တာပါလား...(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

## အဝိဇ္ဇာနဲ့ တဏှာပြတ်တယ်

ဘာဖြတ်တာတုံး...(အို့,သေဖြတ်တာပါ) အဲ...အိုသေဖြတ်တာပဲဆိုတော့ နို့...တဏှာလည်း မဖြတ်ပါလားဆိုတော့ဟာ...တဏှာ ဝိညာဏ် ဖြစ်ပျက်မြင်ကတည်းကိုက မဂ်ဝင်လာလို့ တဏှာက ပြတ်နေပြီ။ လာကိုမလာဘဲနဲ့ ပြတ်နေပြီ...(မှန်ပါ့) မပြတ်ဘူးလား...(ပြတ်ပါတယ်ဘုရား)။

အဝိဇ္ဇာမပြတ်ပါလားဆိုလဲ...ဟာဘယ့်နှယ် အဝိဇ္ဇာ မပြတ်ရမလဲ၊ ဝိညာဏ် ဖြစ်ပျက်မြင်တဲ့ဥစ္စာပဲ၊ ဝိဇ္ဇာလာတော့ အဝိဇ္ဇာပြတ်တာပေါ့ဆိုတော့ အာသဝဝင်ရိုး မကျိုးသေးဘူးလား...(ကျိုးပါပြီဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီ)။

သြော်–သတ္တဝါဆိုတာမှာ အာသဝဝင်ရိုးလှည့်ပြီး ခန္ဓာအမျိုးမျိုးနဲ့ ပြောင်းပြီးသကာလ အို့,သေထမ်းပြီး လည်နေရတဲ့

အဓိပ္ပါယ်နော်...(မှန်ပါ) အခုတော့ ဝင်းရိုးကြီးနဲ့ လှည့်နိုင်သေးရဲ့လား...(မလှည့်နိုင်ပါဘုရား)။

ဝင်ရိုးကြီးက မလှည့်နိုင်တော့ သတ္တဝါတွေဟာ ဟိုရောက်၊ ဒီရောက် ရောက်နိုင်သေးရဲ့လား...(မရောက်နိုင်ပါဘုရား)။

အဲ...ဝင်ရိုးချိုးပစ်လိုက်တဲ့အတွက် သံသရာ စက်ရဟတ် ရပ်သွားပြီ မှတ်လိုက်...(မှန်ပါ)။

ဝင်ရိုးချိုးပစ်လိုက်တဲ့အတွက် ဘယ်လိုမှတ်ကြမယ်...(သံသရာစက်ရဟတ် ရပ်သွားပါပြီ) ရှင်းပြီနော်...(ရှင်းပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ ခုနင်က ပြောလိုက်တဲ့...နှစ်ချက်ကို မောင်သစ်တို့ ဦးတင်တို့ သေသေချာချာမှတ်ရမယ်...(မှန်ပါ) အာသဝဝင်ရိုး ကျိုးပေါ့ဟာ အဝိဇ္ဇာနှင့် တဏှာ သတ်ပြီးသား မကျသေးဘူးလား...(ကျပါပြီဘုရား)။

## ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ပေါ်တယ်

အဲဒီတော့ကို ဥပမာ စိတ်ကလေးတစ်ခုကို မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်၊ စားစိတ်၊ ယားစိတ်၊ ယံ့စိတ်၊ ကောင်းစိတ်ကို ပေါ်ရာ ဖြစ်ပျက်ရှုလိုက်ပါတယ်ဆိုတော့ ရှုတဲ့မဂ်က ဝေဒနာနဲ့ တဏှာကြားမှာ ပေါ်တာကိုး။ ဒို့ပြင် နေရာတွေ ပေါ်မှမပေါ်ဘဲ...(မှန်ပါ) ပေါ်သေးရဲ့လား...(မပေါ်ပါဘုရား)။

ဝေဒနာနဲ့ တဏှာကြားပေါ်တော့ မဂ်ပေါ်ရင် တဏှာကို မလာဘဲနဲ့ ချုပ်တယ်...(မှန်ပါ)။

မဂ်ပေါ်ရင်...(တဏှာကို မလာဘဲနဲ့ ချုပ်ပါတယ်) လာခွင့်မရဘဲနဲ့ ချုပ်ပါတယ်...(မှန်ပါ) အဲဒီတော့ တဏှာ

သတ်တယ်ဆိုတာ မှန်ပလား...(မှန်ပါ့)။

ဖြစ်ပျက်ဆိုတဲ့ဥစ္စာသည် ဖြစ်ပြီးပျက်တဲ့ အနိစ္စကို (ဝါ) ဖြစ်ပျက်တဲ့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခကို မမြင်-မြင်အောင် ဝိညာဏ်ကို ရှုနေလို့ရှိရင်လည်း ဝိဇ္ဇာပဲရှိတာပဲ။ အဝိဇ္ဇာက မြင်ကိုမမြင်ဘူး... (မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဒါဖြင့် တဏှာက မလာဘဲနဲ့ ချုပ်တယ်။ အဝိဇ္ဇာကတော့ နှင်ထုတ်လို့ ချုပ်တယ်...(မှန်ပါ့) ဒါ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

## အဝိဇ္ဇာနဲ့ တဏှာချုပ်တယ်

အဝိဇ္ဇာကတော့ ဝိဇ္ဇာက နှင်ထုတ်လို့...(ချုပ်ပါတယ်) တဏှာကတော့...(မလာဘဲနဲ့ ချုပ်ပါတယ်) မလာဘဲနဲ့ချုပ်...၊ သဘောကျပလား...(ကျပါပြီ)။

အဲဒီတော့ အဝိဇ္ဇာကတော့ ဝိဇ္ဇာက ပယ်သောအားဖြင့် ချုပ်...နော်...(မှန်ပါ့) တဏှာကတော့ဖြင့် အနုပ္ပါဒနိရောဓ မလာဘဲနဲ့ချုပ်အောင် လုပ်လိုက်တယ်နော်...(မှန်ပါ့) လာခွင့် မရအောင် လုပ်လိုက်သည်ဆိုတာကော ရှင်းပလား ...(ရှင်းပါပြီ ဘုရား)

ဩော်...ဒါဖြင့် အဲဒီ ပဋိစ္စသမုပ္ပါဒ်ဖြစ်ရပ်မှာ အလယ်မှာ အဝိဇ္ဇာနဲ့ တဏှာဆိုတာကြီး မပါဘူးလား...(ပါ,ပါတယ်) အဲဒါ ဝင်ရိုးကြီးပဲ...(မှန်ပါ့) အဲဒီ ဝင်ရိုးကြီး ဘာဖြစ်သွား တယ်ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ကျိုးသွားပြီ...(ကျိုးပါပြီ) နှစ်ခုစလုံး အသုံးချလို့ ရသေး

ရဲ့လား...(မရပါ) မရတော့ဘူးဆိုတဲ့ဥစ္စာ ရှင်းသွားပြီ။

အေး–ဒါကြောင့် သီလရှင်တွေရော လူဒကာ၊ဒကာမ တွေရော ဩော်...သံသရာ မလည်ချင်ရင် ဝင်ရိုးကျိုးမှပါလား... (မှန်ပါ့ဘုရား)။

## ဝင်ရိုးကျိုးတော့ အားလုံးရပ်ပြီ

သံသရာ မလည်ချင်ရင်...(ဝင်ရိုးကျိုးမှပါ) ဝင်ရိုးကျိုးမှ ဆိုတော့၊ ဒို့သည် ဝင်ရိုးကျိုးတယ်ဆိုတော့ အကန့်တွေကော အသုံးချလို့ ရသေးရဲ့လား...(မရပါဘုရား)။

အကန့်တွေ ဒေါက်တွေလည်း အသုံးချလို့မရဘူး။ ပုံတောင်းလည်း လည်နိုင်သေးရဲ့လား...(မလည်နိုင်ပါ) ဘေးက ပတ်ထားတဲ့ သံပတ်ခွေကြီးနဲ့တူတာကော...(မလည်နိုင်ပါ ဘုရား)။

မလည်နိုင်ပါဘူး၊ ပုံကျသွားပြီ။ သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ခနွာကြီးဟာ ဒီဘက်ငါးပါး၊ ဟိုဘက်ငါးပါးနဲ့ ငါးပါးနှစ်ဆယ်ဟာကော လည်သေးရဲ့လား...(မလည်ပါ) အဲ...ငါးပါးနှစ်ဆယ်ဟာလည်း မလည်တော့ကို ခြင်းရာနှစ် ဆယ်လည်း ပြုတ်ထွက်သွားတယ်...(မှန်ပါ့) မပြုတ်ဘူးလား... (ပြုတ်ပါတယ်ဘုရား)။

**ဝိပဿနာအလုပ်ဟာ ဘာအလုပ်တုံး**

အဲဒီတော့ ဝင်ရိုးဟာ ပဓာနဖြစ်နေတော့ ဝိပဿနာအလုပ်ဟာ ဘာအလုပ်ပါလိမ့်မလဲ မေးတော့ သံသရာ့ဝင်ရိုးချိုးတဲ့အလုပ်...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။ ဝိပဿနာအလုပ်ဟာ ဘာအလုပ်ပါလိမ့်...(သံသရာ့ဝင်ရိုးချိုးတဲ့အလုပ်ပါ) သံသရာလှည့်နေတဲ့ ဘီးကြီးတွေ, ဝင်ရိုးကြီးတွေကို ချိုးတဲ့အလုပ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် ရှေးကတော့ ဝင်ရိုးကျိုးမှ အေးတယ်လို့ ဆိုငြားသော်လည်း ဝင်ရိုးမချိုးတတ်ဘူး...(မှန်ပါ့) အခုတော့ "ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ ဝိညာဏံ"ဆိုတော့ ဝိညာဏ် တစ်ခုကို ကျုပ်တို့က၊ ပေါ်တဲ့ ဝိညာဏ်ကို ဝိပဿနာမဂ်နဲ့ရှု။ ရှုလိုက်တဲ့အခါကျတော့ ဝိညာဏ်ဆယ့်နစ်ပါးရေးထားတဲ့ အနက်က ပေါ်ရာကိုလိုက်။ မပေါ်လို့ရှိရင်ဖြင့် ရှုစိတ်, ရှိက်စိတ်ကိုရှု။ အိမ်သည်, ဧည့်သည်ခွဲပြီးသကာလ ရေးထားတော့ကို မောင်သစ် ဝိညာဏ်ချည်း အရှုခိုင်းတာ...(မှန်ပါ့) ဝိညာဏ်ရှုတော့ နာမ်ရုပ်ပါသွားတယ်...(ပါ–ပါတယ်) မပါသေး ဘူးလား...(ပါ,ပါတယ်) သဠာယတနကော ပါသွားပြီ... (မှန်ပါ့) ပါသွားပြီ...တဲ့။

**တစ်ခုရှုရင် အကုန်ပါတယ်**

ထိုသို့ ပါသွားတဲ့အတွက် ပထမ ၂–နံပါတ် တစ်ခုလုံးဟာ တစ်ခုရှုလိုက်ရင် အကုန်ပါတယ်မှတ်...(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ၂–နံပါတ်အကွက်ဟာလေ...(မှန်ပါ့)

ဝိညာဏ်တစ်ခု ရှုလိုက်တာနဲ့ ...(အကုန်ပါသွားတယ်) နာမ်ရုပ်ရော, သဠာယတနရော, ဖဿရော မပါသေးဘူးလား ...(ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ဒီအလုပ် လုပ်လိုက်လို့ရှိရင် ပဌမအကွက်မှာ သိစရာအကွက်၊ ပဌမအကွက်နော် ...(မှန်ပါ့) ရှုရမည့်အကွက်ကတဲ့ ဒုတိယနဲ့ တတိယကြားထဲမှာ ရှိပါတယ်။ တတိယရောက်သွားလို့ရှိရင် မောင်သစ်လွန်သွားပြီ ...(မှန်ပါ့) လွန်သွားပါပြီ မလွန်သေးဘူးလား ...(လွန်သွားပါပြီဘုရား)။

## မဂ္ဂသစ္စာအကွက်၊ ဘာကြောင့်ထည့်မရေးတာလဲ

အဲဒီတော့ကို ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာအကွက်ကို ဘာပြုလို့ ထည့်မရေးသတုံးလို့ မေးတဲ့အခါကျတော့ ဟိုက သံသရာရှည်ကြီး ခရီးစဉ်ပြရတဲ့အတွက် ထည့်မရေးတော့ဘူး ...(မှန်ပါ့) ဒါက ဘုရားပွင့်မှ ပေါ်တဲ့အကွက် ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

## ဘုရားပွင့်မှ ပေါ်တဲ့အကွက်

ဒီအကွက်က ...(ဘုရားပွင့်မှ ပေါ်တဲ့အကွက်ပါ) အဲဒီတော့ ဘုရားမပွင့်တာက များနေတော့ ဘုရားပွင့်တဲ့ အကွက်ကို သံသရာ ၄-ကွက်ထဲမှာ ထည့်လို့မရဘူး၊ ရေးလို့ရပါ့မလား ...(မရပါဘုရား)။

ဘုရားက ခုနစ်ရက် ခုနစ်လီ မိုးအုံ့နေတဲ့အထဲ လျှပ်စစ်လက်သလောက်ကလေးသာ သူက ပွင့်တာကိုး ...(မှန်ပါ့ဘုရား)။

ခုနစ်ရက် ခုနစ်ရက်လီ မိုးတွေအုံ့နေတဲ့အထဲမှာ ဖျတ်ကနဲ လျှပ်စစ်လင်းသလောက် ဘုရားပွင့်ချိန်ကတော့ အင်မတန် အချိန်ပိုင်းက တိုတောင်းနေတယ်။ အဲဒီတော့ သူ့ထည့်ရေးလို့ ဖြစ်ပါမလား...(မဖြစ်ပါဘုရား)။

အဲဒါက ဘုရားပွင့်တဲ့အခါမှာ ဘုရားနှုတ်တော်က မြွက်တဲ့ အတွက်...(မှန်ပါ့) မောင်သစ် ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘုရားပွင့်တဲ့အခါမှာ...(ဘုရားနှုတ်တော်မြွက်တဲ့ အတွက် ပါ) သူ့နှုတ်တော်မှ ဟောခဲ့တာတွေလည်း အရှိသားဘဲ။ ဒီအကွက် ကို ဟောကို မဟောဘူး...(မှန်ပါ့) ဟောရဲ့လား...(မဟောပါ ဘုရား)။

မဟောတော့ ဒီအကွက်ဟာဖြင့် သာသနာတွင်းတောင်မှ မြုပ်ချည်ပေါ်ချည်ဖြစ်နေတယ်...(မှန်ပါ) သာသနာတွင်းတောင် မြုပ်ချည်ပေါ်ချည်မဟုတ်ဘူးလား...(မှန်ပါဘုရား)။

အဲဒီလောက်ဖြစ်နေတော့ ဒီဒကာ၊ဒကာမတွေ အကြောင်း သင့်ပြီးသကာလ အခွင့်ကြုံတဲ့အခါမှာ သာသနာကွက်ကလေးဟာ ဒီကြားမှဟော့...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ) ၂-နဲ့၃- ကြားထဲမှာ...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

**သာသနာတွင်း အကွက်လို့ မှတ်လိုက်**

ဒါဟာ ဘယ်သူတုံး...(၂-နဲ့ ၃-ကြားမှာပါဘုရား)။

၂-နဲ့ ၃-ကြားထဲ အကွက်ကလေး ယူရမယ်...(မှန်ပါ့) ဒါက သာသနာတွင်းကွက်လို့ မှတ်လိုက်နော်...(မှန်ပါဘုရား)။

မောင်သစ် ထည့်လိုက်။ ဟိုဟာတွေ သာသနာပချည်း

ပေါ့ကွ၊ ဒုက္ခ, သမုဒယ၊ ဒုက္ခ, သမုဒယဆိုတဲ့ အကွက်လေးကွက်ဟာ ဘယ့်နှယ်တဲ့တုံး...(သာသနာပ,ပါ) ကဲ... သာသနာတွင်းကို ပါသေးရဲ့လား...(မပါ–ပါဘုရား)။

အေး–ဒါကြောင့် ဝိပဿနာ သံယုတ်အဋ္ဌကထာ ဆရာတွေက သာသနာတွင်းမှာ ပေါ်တယ်ဆိုတဲ့ဥစ္စာ၊ ကဲ... သာသနာတွင်းတောင် မြုပ်ချည်ပေါ်ချည်...(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ...(သာသနာတွင်းတောင် မြုပ်ချည်ပေါ်ချည်ပါဘုရား)။

ကဲ...ဒါဖြင့် မင်းတို့ဟာ အခု ဒီအကွက်လေးထဲမှာ ကိုယ်ရှုလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ကိုယ့်ဟာဒယဝတ္ထုပေါ်၌ ဒီမဂ်စိတ်ကလေး, မဂ္ဂင်ငါးပါးကလေး မပေါ်ဘူးလား...(ပေါ်ပါတယ်ဘုရား)။

**အလုပ်လုပ်တဲ့အချိန်မှ ပေါ်တဲ့မဂ်အကွက်**

ဘယ်အကွက်တုံး မေးလို့ရှိရင် သူ့အတွက် အကွက်မရှိဘူးလား၊ လုပ်တဲ့အချိန် ပေါ်လာတာဘဲ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

လုပ်တဲ့အချိန်...(ပေါ်လာပါတယ်) မလုပ်တဲ့အချိန် ဒီအကွက်ဟာ ဟိုဘက်ဆက်နေတယ်...(မှန်ပါ့) ဝေဒနာပစ္စယာတဏှာဟုတ်လား...(မှန်ပါ့ဘုရား) ဝေဒနာပစ္စယာတဏှာနဲ့ ဒကာ၊ဒကာမတွေ ဆက်မနေဘူးလား... (ဆက်နေပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် ဩော်...တစ်နေ့ကို ၂–ကနေပြီး ၃–ကျအောင် ဘယ်

လောက် ဖောက်ပြန်ကြသတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေမလဲ ... (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး။

ဒါဖြင့် ၂–ကနေပြီး ၂–ဝိညာဏ် စပ်လိုက်တော့ ဝိညာဏ် မရှိမိလို့ရှိရင် ဟင်...(မှန်ပါ့) နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ ပွားလိုက်ပြန်ရော...(မှန်ပါ့) မျက်လုံးဖွင့်လိုက်ပြန်ရင်လဲ ကံရောက်သွားတယ်...(မှန်ပါ့)။

ကဲ...နားက ထောင်လိုက်ပြန်တော့၊ နားဝိညာဏ်ပြီးတော့ တဏှာ, ဥပါဒါန်, ကံ မပွားဘူးလား...(ပွားပါတယ်ဘုရား) နှာခေါင်းဝိညာဏ် ဖွင့်လိုက်ပြန်တော့ကောကွာ...(ကံရောက် သွားပါတယ်ဘုရား)။

မင်းတို့ကံပွားတွေဆိုလို့ရှိရင် လွဲပါ့မလား... (မလွဲပါ ဘုရား) ဒါဖြင့် ဇာတိပွားမယ်၊ ဇရာမရဏကော... (ပွားပါ မယ်ဘုရား)။

ပွားမှပဲဆိုတဲ့ အဓိပ္ပါယ်က အကြောင်းအကျိုး လုပ်ထား တာ၊ အကြောင်းဖြတ်တရား မလာသေးသ၍ကာလပတ်လုံး ဒီ...အကြောင်းတွေဟာ အကျိုးပေးနေမယ်...(မှန်ပါ့) ရှင်းကြပ လား...(ရှင်းပါပြီဘုရား)။

## သိရုံကလေးနဲ့ အကြောင်းမပြတ်ဘူး

ဒါကြောင့်မို့ အခုဘာလုပ်နေတာတုံး...လို့မေးတော့မှ ဒကာ၊ဒကာမတွေ ခင်ဗျားတို့ သိရုံကလေးများနဲ့တော့ ဘယ်နည်း နဲ့မှ ဒီအကြောင်းက ဒီနေရာမှာ မပြတ်ဘူး...(မှန်ပါ့) ပွားမှ ပြတ်မယ်...(မှန်ပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်လဲ...(သိရုံနဲ့ မပြတ်ပါဘုရား...ပွားမှုပြတ်ပါတယ်ဘုရား) ပွားမှုပြတ်မယ်ဆိုတာ ဒကာ၊ဒကာမတွေ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

## ဒါလောက်နဲ့မရဘူး ကိုယ်တိုင်ပွားရမယ်

အဲဒါကြောင့် ခင်ဗျားတို့ ယီးတီးယားတား လုပ်ပြီးသကာလ ဟာ...ငါတို့ လှူဒါန်းထားတာပဲ၊ ပေးထားတာပဲ၊ ကမ်းထားတာပဲ၊ သီလကလေးမြဲတာပဲ၊ ဆရာသမားဆီ နားထောင်လို့ အတော်အသိဉာဏ်ကလေးလည်း ပွားတာပဲ ဒါလောက်နဲ့မရဘူး ကိုယ်တိုင်ပွားမှ ကိုယ်သန္တာန် မဂ်ရောက်လာမယ်... (မှန်ပါ့) ကိုယ့်မဂ်ရောက်လာမှ ခုနက ကံမပြောက်မယ်... (မှန်ပါ့)။

မဂ်မရှိသ၍...(ကံပြောက်နေပါမယ်ဘုရား) ကံပြောက်နေတော့ ဒီကံတွေကို ဘုန်းကြီး ခဏခဏပြောတယ်၊ တဏှာက စုဆောင်းထားတယ်...(မှန်ပါ့)။

ဒကာ၊ဒကာမတွေ ဒီ...ကံတွေ ဘာတဲ့...(တဏှာက စုဆောင်းထားပါတယ်ဘုရား) တဏှာက စုဆောင်းထားပါတယ်။ ကံတွေကို...(တဏှာ စုဆောင်းထားပါတယ်ဘုရား)။

## တဏှာရှိတဲ့ပုဂ္ဂိုလ် ကံမကုန်ဘူး

တဏှာက စုဆောင်းထားတော့ တဏှာရှိတဲ့ပုဂ္ဂိုလ် ကံမကုန်ဘူး...(မှန်ပါ့) ဒီတစ်ကံပြီးရင် ဒီတစ်ကံ ကုန်သွားရင် နောက်တစ်ကံ တဏှာက လွှတ်ပေးတာပဲ...(မှန်ပါ့)။

ဥပမာမယ်...အင်မတန် ကြီးစွာလှသော ခြင်းကြီးတစ်ခု ယက်ပြီးသကာလ ပိုးကောင်ကလေးတွေ အပြည့်ထည့်ထား၊ ဟုတ်လား...တစ်ကောင်စီ လွှတ်နေမယ်ဆိုရင် ကုန်နိုင်စရာ ရှိသေးရဲ့လား...(မရှိပါဘုရား) တောင်ပို့ထဲက ပလူထွက်လာသလိုဘဲ၊ ကုန်နိုင်စရာ ရှိသေးရဲ့လား...(မရှိပါဘုရား) တိုးထွက်တောင် မကုန်ဘူး...(မှန်ပါ့)။

ဒီမှာလည်း ဒီမှာ ငရဲပြည်၊ ဒီကနေ တစ်ကဲလောက် လွှတ်ပေးတယ် တဏှာခြင်းကြီးထဲက ဟိုမှာရှိနေတာ ငရဲအထွက်ခိုင်းပြီးဆိုတော့ နောက်တစ်ကဲ လွှတ်ပေးလိုက်တယ် ဒီမှာ ဆက်မိအောင်လို့...(မှန်ပါ့) ဒီတော့ ထွက်ပေါက်ဘယ့်နှယ်နေကြသလဲ...(မရှိပါဘုရား) ငရဲက ထွက်ပေါက်ရှိသေးရဲ့လား–...(မရှိပါဘုရား)။

ဒါကြောင့် ကမ္မသမင်္ဂီဆိုတာ ကံကို ထိန်းသိမ်းတယ်လို့ ဆိုတယ်၊ ကမ္မသမင်္ဂီပုဂ္ဂိုလ် ကံကို ထိန်းသိမ်းထားတဲ့ ပုဂ္ဂိုလ် ပုထုဇဉ်မှာ...(မှန်ပါ့) ပုထုဇဉ်က ကံကို ထိန်းသိမ်းထားတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပုထုဇဉ်သည် ဘာကိုထိန်းသလဲ...(ကံကိုထိန်းပါတယ်ဘုရား) ပုထုဇဉ်က ထိန်းသိမ်းတာလား...ပုထုဇဉ်သန္တာန်ရှိတဲ့ တဏှာက ထိန်းသိမ်းတာလား...(တဏှာက ထိန်းသိမ်းပါတယ်ဘုရား) အဲ...တဏှာရှိတော့ ကံဟာ အဟောသိကံ မဖြစ်ဘူး...(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

## တဏှာပြုတ်တော့၊ ကံအဟောသိကံဖြစ်တယ်

တဏှာရှိတော့ကို...(ကံအဟောသိကံ မဖြစ်ပါဘုရား) ကံက အဟောသိကံမဖြစ်နိုင်၊ တဏှာပြုတ်တော့ ကံအဟောသိကံ ဖြစ်တယ်...(မှန်ပါ့) ဒါကြောင့် မဂ်က သမုဒယသစ္စာ ပယ်လိုက်လို့ရှိရင် ကံပြုတ်တယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

မဂ်က ဘယ်ဟာ ပယ်လို့ရှိရင်လဲ...(သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ ပယ်လိုက်တော့ ကံထိန်းသိမ်းတာ ပယ်လိုက်တဲ့အတွက် တဏှာဟာ ကျန်သေးရဲ့လား... (မကျန်ပါဘုရား) အဲဒါကြောင့် တဏှာလည်း သမုဒယသစ္စာ၊ ဥပါဒါန်လည်း သမုဒယသစ္စာ၊ ကံလည်း သမုဒယသစ္စာပဲ... ဆိုပြီးတော့ သူကို သမုဒယသစ္စာအကွက်ထဲ ထည့်တယ်၊ သို့သော် ခေါင်းဆောင်က တဏှာကွ...(မှန်ပါ့) အဲဒီအကွက်ထဲ သုံးခုမပါဘူးလား...(ပါ-ပါတယ်ဘုရား)။

## တဏှာကခေါင်းဆောင်

တတိယအကွက်မှာလေ...တဏှာ, ဥပါဒါန်, ကံထဲ ဘယ်သူခေါင်းဆောင်တုံး...(တဏှာပါဘုရား) တတိယအကွက်ထဲ ဘယ်သူခေါင်းဆောင်တုံးကြည့်စမ်း...(တဏှာခေါင်းဆောင်ပါဘုရား) တဏှာခေါင်းဆောင် သူကဥပါဒါန်လည်း ထိန်းတာပဲ၊ ကံလည်းထိန်းတာပဲ၊ မဟုတ်ဘူးလား...(မှန်ပါ့)။

အဲဒီတော့ကို ဒကာ၊ဒကာမတွေ ကံမကုန်တာ ငရဲမှာ အသက်ရှည်တာ ထွက်ပေါက်ထွက်ရပ် မပါတာ ဘာကြောင့်တုံး

ဆိုရင် ဒီကံက များနေတော့ တကျာကနေပြီး စုဆောင်ထားတာ တစ်ခုချင်း လွှတ်ပေးနေလို့, လို့မှတ်...(မှန်ပါ) တစ်ပုဒ်မပြီး, တစ်ပုဒ်မ တပ်ပြီး ချပြန်တာပဲ...(မှန်ပါ) နောက်တစ်ခါ တစ်ပုဒ်မတပ်ပြီးတော့...(ချပြန်တာပဲ) နောက်တစ်ခါ တစ်ပုဒ်မတပ်ပြီးတော့...(ချပြန်တာပဲ)။

အဲဒီမှာ တရားသူကြီးများနဲ့ တူပါတယ်တဲ့၊ ပုဒ်မတွေ တပ်ပြီးချလိုက်တော့ ဒီအထဲမှာရှိတဲ့ အမှုကလည်း နည်းတာ မဟုတ်ဘူး...(မနည်းပါဘုရား) အဲဒီတော့ ထွက်ပေါက်ရှိ သေးရဲ့လား...(မရှိပါဘုရား)။

## ငရဲမှာ သက်တမ်းမရှိဘူး

အဲဒါကြောင့် ငရဲမှာ သက်တမ်းမရှိဘူးဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီ) ငရဲမှာ သက်တမ်းမရှိဘူး၊ နတ်ပြည်တို့ကျတော့ စတုမဟာရာဇ် အနှစ်ငါးရာ၊ တာဝတိံသာမှာ တစ်ထောင် သူ့ဟာ သက်တမ်းတွေရှိတယ်၊ ဟိုမှာ အသက်တမ်းမရှိဘူး... (မှန်ပါ)။

ဘာဖြစ်လို့ သက်တမ်းမရှိသတုံးဆိုလို့ရှိရင် ကံကုန်မှ ကုန်တယ်ဆိုတော့ ကံက လွှတ်ပေးနေတဲ့ တရားက ရှိတော့ ကုန်နိုင်စရာကော ရှိသေးရဲ့လား...(မရှိပါဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

## တစ်ချက်တိမ်းရင် ဆည်လို့မရဘူး

ဒါဖြင့် ခင်ဗျားတို့ တစ်ချက်တိမ်းရင် ဆည်မရဘူး... (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးကပြောတယ်။ ကျောက်ခဲရေကျကွ။ ဒီဘဝကနေပြီးသကာလ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရဘဲနဲ့ သေကြမယ်ဆိုရင်ဖြင့် ကျောက်ခဲရေကျကွ၊ ဆိုတဲ့ဥစ္စာ ဘယ်တော့မှ မပေါ်ဘူးပြောတာ...(မှန်ပါ့)။ ကျောက်ခဲရေကျ ဘာတဲ့တုံး... (ဘယ်တော့မှ မပေါ်ပါဘုရား) ရှင်းပလား...(ရှင်းပါပြီ)။

ဘာဖြစ်လို့တုံးဆိုတော့ ဒီဘဝပြုလုပ်တဲ့ ကုသိုလ်ကလေးက ခင်ဗျားတို့က မဂ်,မဆိုက်တဲ့ ကုသိုလ်ဆိုရင်တော့ ဘဝကုသိုလ်က တွန်းချလိုက်တယ်...(မှန်ပါ့) ပေါက်ထုတ်ပစ်လိုက်တယ်... ဒီမြားနဲ့ ဒီမြားနဲ့ ထိုးချလိုက်တယ်...(မှန်ပါ့) မဂ်ကုသိုလ်ကျတော့ သူက ရပ်ရတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ကုသိုလ်တိုင်းကို အားကိုးရတယ်လို့ အောက်မေ့မနေနဲ့...(မှန်ပါ့)သူများတိုက်ထုတ်လို့ အရှုံးပေးတဲ့ ကုသိုလ်ကျတော့ အလကားကုသိုလ်...(မှန်ပါ့) ရှင်းပလား သူများတိုက်ထုတ်လို့ မရတဲ့ ကုသိုလ်သည်သာလျှင် ကုသိုလ်, အဓိပတိကုသိုလ်ပေါ့ဗျာ...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီ ဘုရား)။

## စိတ္တာနုပဿနာ လက်သည်ရှာတဲ့တရား

ဒါဖြင့် မင်းတို့ ဒီနေ့တရားကို စ, လာလာခြင်း စိတ္တာနုပဿနာ လက်သည်ရှာတဲ့တရား...(မှန်ပါ့) ဘယ်သူရှာတာတုံး

ဆိုတော့...ဘုရားလောင်းနစဉ်က ရှာလာတာ...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီ) နောက်ပိတ်ဆုံး ဝိညာဏ်လာတွေ့တယ်...(မှန်ပါ့) ဒီဘဝ ဝိညာဏ်ထက် အထက်သွားစရာ ရှိသေးရဲ့လား...(မရှိပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။ ဒီဘဝမှာ ဝိညာဏ် အထက်သွားစရာ...(မရှိပါ) မရှိဘူး အတိတ်ဘဝဆိုတော့ လှမ်းကူးလို့ ရတာမှမဟုတ်ဘဲကိုး... (မှန်လှပါ) ကဲ...နေရာကျကြပလား... (မှန်ပါ့)။

**စိတ်ဝိညာဏ် ဆယ်နှစ်မျိုး**

ဒါဖြင့် ဒကာ၊ဒကာမတွေ စာရွက်ကလေးထဲမှာ စိတ်ဝိညာဏ် ဘယ်နှမျိုးရေးထားသတုံး...(ဆယ့်နှစ်မျိုးရေးထားပါတယ်ဘုရား)။

ဆယ့်နှစ်မျိုးရေးထားတယ်၊ အဲဒါကို ခင်ဗျားတို့က စိတ်ဝိညာဏ် ဘယ်အကွက်ထဲကတုံးလို့ ပဋိစ္စသမုပ္ပါဒ် ကြည့်လို့ရှိရင်ဖြင့် ၂-နံပါတ်အကွက်ထဲက...(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘယ်အကွက်ထဲ ပါကြသလဲ...(၂-နံပါတ် အကွက်ထဲ ပါကြပါတယ်ဘုရား)။

အဲဒီ...ပဋိစ္စသမုပ္ပါဒ် သေသည့်တိုင်အောင် မပျောက်မှ သူ့ဟာက ဩော်...၂-နံပါတ်အကွက်ဟာ သူများက ပြောကြတယ် ပစ္စုပ္ပန်တည့်မှ...ပစ္စုပ္ပန်တည့်မှလို့ဆိုတော့ ဟာ...ပစ္စုပ္ပန်ဘဝကြီး မတည့်စရာ မရှိပါဘူး၊ ပစ္စုပ္ပန်ပဲ မဟုတ်ဘူးလား... (မှန်လှပါ) ပစ္စုပ္ပန် အကျိုးထဲနေတာကြီးပဲ...(မှန်ပါ့) ရှင်းပ

လား…(ရှင်းပါပြီဘုရား)။

ပေါ်ဆဲကိုယ်က ဂရုစိုက်လိုက်ရင် ပစ္စုပ္ပန်ဖြစ်နေတာ၊ ဘဝကလည်း ပစ္စုပ္ပန်၊ ပေါ်လာတာက အခုအကြောင်း တိုက်ဆိုင်မှ အခုပေါ်လာတာကို:…(မှန်ပါ့) ရှင်းကြပလား…(ရှင်းပါပြီ)။

**အခုပေါ်နေတဲ့တရားကို အခုမဂ်နှင့်ရှုပါ**

ကောင်းပြီ:…ဒါဖြင့် ပစ္စုပ္ပန်, ပစ္စုပ္ပန်ချင်းရှု…(မှန်ပါ့) အခုပေါ်လာတဲ့ တရားကို အခုမဂ်နဲ့ရှု…(မှန်ပါ့)။

အခုပေါ်လာတဲ့ တရားကို…(အခုမဂ်နဲ့ရှုရပါမယ်) အခု မဂ်နဲ့ ရှုလိုက်တော့ မောင်ချစ်စိန် သိမ်းပိုက်ထားတဲ့ တဏှာကော လာသေးသလား…(မလာပါ) သူ့အားပေးလို့ဖြစ်တဲ့ ဥပါဒါန်… (မလာပါ)သတ္တဝါတွေကံကြောင့်…ကံကြောင့်…သူနှိပ်စက်နေ တဲ့ကံကော…(မလာပါဘုရား)။

မလာဘူးဆိုတော့ ဒါကြောင့် ကံပြတ်တယ်ဆိုတာ၊ ဒီကံကို တိုက်ရိုက်ဖြတ်တာ မဟုတ်ကော့ဘူး မောင်သစ် တဏှာဖြတ် လိုက်ရင် ကံပြတ်တယ်…(မှန်ပါ့) ရှင်းပလား… (ရှင်းပါပြီ ဘုရား) တဏှာဖြတ်လိုက်ရင်…(ကံပြတ်ပါတယ်ဘုရား)။

ကံပြတ်သွားတယ်ဆိုတော့ ဒကာ၊ဒကာမတွေ ဘာမှ လင်းပါးနေစရာ မလိုတော့ဘူး…(မှန်ပါ့) စစ်ဆေးစရာကော… (မရှိပါဘုရား) မရှိတော့ဘူးဆိုတာ မပေါ်သေးဘူးလား… (ပေါ်ပါပြီဘုရား)။

ကောင်းပြီး၊ ဒါဖြင့် ဒီနောက်ဆုတ် နောက်ဆုတ် အို, သေ ဘယ်က လာသတုံးလို့ တွေးလိုက်တော့ နောက်ဆုတ်

နောက်ဆုတ်တွေးလိုက်တာ နောက်ဆုံးပိတ် ရေသောက်မြစ် သွားတွေ့တယ်၊ မောင်သစ်၊ ဦးတင် ဘာလာတွေ့သလဲ... (ဝိညာဏ်တွေ့ပါတယ်ဘုရား)။

## ဝိညာဏ်မပေါ်အောင်လုပ်ဖို့ အရေးကြီး

ဝိညာဏ်ကို ကျုပ်တို့က ယထာဘူတကျအောင် ကြည့်ဖို့ အရေးကြီးတယ်...(မှန်ပါ့) ဝိညာဏ်ကို မှန်းဖို့အရေးကြီးတယ်... (မှန်ပါ့) ဝိညာဏ်ဆိုတာ မပေါ်အောင်လုပ်ဖို့...(အရေးကြီးပါတယ်ဘုရား)။

အရေးကြီးတော့ သူဆုံးလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဒီဘဝတွင် အဆုံးဖြစ်သွားတယ်...(မှန်ပါ့) ဒီဘဝ ဆုံးလို့ရှိရင် သူဆုံးတာဟာ ဒုက္ခသစ္စာဆုံးသောကြောင့် တစ်နေ့က ဥပုသ်နေ့က ပြောခဲ့သလို ဒုက္ခနိရောဓသစ္စာ ဖြစ်သွားတယ်...(မှန်ပါ့ဘုရား)။

## ဒုက္ခနိရောဓဆိုတာ နိဗ္ဗာန်

သူက ဒုက္ခကို၊ ဒုက္ခသစ္စာ ဆုံးသွားတော့ ဘယ့်နှယ် ဆိုကြမလဲ...(ဒုက္ခနိရောဓသစ္စာ ဖြစ်သွားပါတယ်ဘုရား)။

ဒုက္ခနိရောဓသစ္စာ မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်) ဒုက္ခနိရောဓသစ္စာဆိုတာ နိဗ္ဗာန်ကို ဆိုပါတယ်...(မှန်ပါ့ဘုရား)။

## ဒုတိယအကွက်ဟာ နှစ်မျိုးဖြစ်နိုင်တယ်

ဒါဖြင့် ဒုတိယအကွက်ဟာ ဒုက္ခသစ္စာလဲ–ဖြစ်နိုင်တယ်... (မှန်ပါ့) သာသနာတွင်း ပုဂ္ဂိုလ်များအတွက်ပါ ဒုက္ခနိရောဓ

သစ္စာလဲ–ဖြစ်နိုင်တယ်...(မှန်ပါ့ဘုရား)။

ဒါကလေးဟာ မသေးဘူး၊ ဒါကလေးဟာ သေသေချာချာ မှတ်ပါ ဒကာ၊ဒကာမတို့၊ သာသနာတွင်း ပုဂ္ဂိုလ်များမှာ ဒုတိယအကွက်ဟာ ဒုက္ခသစ္စာလို့ပဲ သူသိတယ်၊ သိနိုင်တဲ့ သဘောသတ္တိရှိတယ်...(မှန်ပါ့) သူ့ကို ရှုရတော့ ဖြစ်ပျက်ကိုး (မှန်ပါ့) ဖြစ်ပျက်သိရတော့ ဘာသစ္စာသိသလဲ...(ဒုက္ခသစ္စာ သိပါတယ်ဘုရား)။

## ဒုက္ခနိရောဓအကွက် သွားဖြစ်တယ်

အဲ...ဒုက္ခသစ္စာကွက်လဲ–သူသိတယ်...(မှန်ပါ့) နောက်ဒီ အကွက်ပဲ၊ ဒီအကွက်ဆိုတော့ ဒီခန္ဓာကြီးပဲ ကြည့်နေရင်း မတ္တနဲ့ပဲ ဒုက္ခမုန်းလို့ ဒုက္ခဆုံးသွားတဲ့အခါကျတော့ ဒီအကွက် ဘာအကွက်ဖြစ်ကြမလဲ။(ဒုက္ခနိရောဓကွက်ပါ) ဒုက္ခနိရောဓကွက် ဖြစ်သွားတယ်၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာနဲ့ မောင်သစ်တို့ ဦးတင်တို့ ကိုက်တယ်...(ကိုက်ပါတယ်ဘုရား)။

"လောကဿ အန္တံ"ဆိုတဲ့ဥစ္စာ လောကမဆုံးဘဲနဲ့လည်း နိဗ္ဗာန်မရောက်ဘူးဟုတ်လား...(မှန်ပါ့) ဘုရားကရော ဟိတဿ နတ်သား ဟောတဲ့နေရာ မလာဘူးလား...(လာပါတယ် ဘုရား)။

အရှင်ဘုရား ဘယ်လိုကြောင့်ဘာလဲ၊ လောကကြီးကို တပည့်တော် သွားခဲ့ပါတယ်၊ ဘယ်တော့မှ မဆုံးဘူးဆိုတော့ အို...လောကအဆုံးကို မသွားဘဲနဲ့ မရောက်ဘူး၊ မဆုံးဘဲနဲ့ လည်းမရောက်ဘူး၊ "လောကန္တိ ဒုက္ခသစ္စံ"ကို တစ်ခါလာ

စပ်တယ်...(မှန်ပါဘုရား)။

## ဒုတိယအကွက် ဆုံးအောင်ရှုပါ

လောကဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ) အဲ... ဒုတိယ အကွက်ဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာကွက်ပါ) အဲဒါ လော ကွက်ပဲ...(မှန်ပါ) အဲဒီ လောကကွက်ဆုံးအောင် ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီလောကကွက်ကို...(ဆုံးအောင်) ဆုံးရင် "လောက နိရောဓေတို နိရောဓသစ္စံ"...(မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

လောကန္တိဒုက္ခသစ္စံ၊ လောကနိရောဓေတို နိရောဓသစ္စံ... (မှန်ပါဘုရား)။

လောကန္တိ...(ဒုက္ခသစ္စံ) လောကနိရောဓေတို...(နိရောဓ သစ္စံပါဘုရား)။

ကဲ...ဒါဖြင့် ဒီအကွက်ဟာ နှစ်မျိုးဖြစ်နိုင်တဲ့ အကွက်ပဲ ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်မှာ အင်မတန်ရှင်းတဲ့အလုပ်ပဲ...(မှန်ပါ ဘုရား)။

အဲဒီတော့ ဒီအကွက်ဟာ လောကကွက်ဖြစ်တယ်၊ လောက နိရောဓကွက်လဲ-မောင်ချစ်စိန် ဖြစ်ရမယ်...(ဖြစ်ရပါမယ် ဘုရား)။

ဘယ်လိုပုဂ္ဂိုလ် ဖြစ်ရမှာတုံး၊ သာသနာတွင်းသားမှ ဖြစ်ရ မယ်...(မှန်ပါ) သာသနာပသားမှာ ဒီဉစ္စာ ဖြစ်နိုင်ပါရဲ့လား...

(မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

**ဘယ်အကွက် ဝိပဿနာရှုရမှာတုံး**

ဒါဖြင့် ဒကာ၊ဒကာမတို့ ဘယ်အကွက် ဝိပဿနာရှုရမှာတုံး မေးရင်...(နံပါတ် ၂-အကွက်ပါ) နံပါတ်-၂။

ဘယ်အကွက်ဆုံးအောင် ရှုရမှာတုံးမေးရင်ကော...(နံပါတ် ၂-အကွက်ပါပဲဘုရား)။

ဦးတင် အင်မတန်ကံကောင်းလို့ ကြားရတဲ့အလုပ်... (မှန်ပါ့) ကံကောင်းလို့ ကြားရတဲ့အလုပ်၊ နိဗ္ဗာန် အဝေးကြီး ပြောနေကြတယ်...(မှန်ပါ့)။

နိဗ္ဗာန်အဝေးကြီး ပြောနေတော့ ဒီအကွက်ထဲက တရား တွေ အကုန်မရှိဘူးဆိုတာ ခန္ဓာငါးပါး မရှိတာဘဲ...(မှန်ပါ့) ခန္ဓာငါးပါးမရှိတော့ ခန္ဓာသိမ်းနိဗ္ဗာန်ပဲ၊ "ခန္ဓနိရောဓော နိဗ္ဗာနံ"ပဲ၊ မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ခန္ဓနိရောဓော...(နိဗ္ဗာနံပါဘုရား) ကဲ...ဒီအကွက် သိမ်းတာပဲ မဟုတ်လား...(မှန်ပါ့)။

ဒီအကွက် သိမ်းသွားတယ်ဆိုကတည်းက ခန္ဓာကဒုက္ခ သစ္စာ၊ နိရောဓောက=နိရောဓသစ္စာ၊ သဘောပါပလား... (ပါ,ပါပြီ)။

**အိုသေရဲ့ လက်သည်အရင်းက ဝိညာဏ်**

ဒါဖြင့် ဒကာ၊ဒကာမတွေ၌ ဘုရားသခင် ကိုယ်တော်မြတ်ကြီးလည်း–အိုသေ ဘယ်က လာသတုံးလို့ လက်သည် အရင်း စစ်ခိုင်းတော့ ဝိညာဏ်တွေ့တာပဲ...(မှန်ပါ့)။

နောက်တစ်ခါ "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ ဝိညာဏံ"လို့ ဘုရားက...ဩော်...တစ်ခုချုပ်ရင် အကုန်ချုပ်တာပဲဆိုတာလည်း ဟောတယ်...(မှန်ပါ့)။

ဝိညာဏနိရောဓာ...(နာမရူပနိရောဓော) နာမရူပ နိရောဓာ...(ဝိညာဏနိရောဓော) သူတို့နှစ်ခုဟာ အသွား–အပြန်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

**ဒုက္ခနိရောဓအကွက် ဖြစ်သွားတယ်**

အဲဒီကဲ့သို့ ချုပ်သွားတဲ့အခါကျတော့ ဒီအကွက်ဟာ ချုပ်သွားတော့ ဒုက္ခနိရောဓကွက်...(မှန်ပါ့) မချုပ်ခင် ဒုက္ခ သစ္စာကွက်...(မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာကွက်ကို မြင်ပြီးမှ ဒုက္ခနိရောဓသစ္စာ ကွက်ကို မြင်မယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဝေးသလား...နီးသလား...(နီးပါတယ်) ဒီအကွက်ထဲ၊ ဒီအကွက် ဆုံးသွားတဲ့အခါကျတော့ နိဗ္ဗာန်မှာ တွေ့မှာပဲ ခင်ဗျားတို့ ဘယ်မှသွားစရာမလိုတော့ဘူး...(မှန်ပါ့) သဘောပါပလား...(ပါပါပြီဘုရား)။

**ဒုတိယအကွက်ဟာ အရေးအကြီးဆုံး**

ဒါဖြင့် ဒီအကွက်ဟာ သာမည အရေးကြီးသလား၊ အလွန့်အလွန် အရေးကြီးသလားဆိုတာ ဦးတင် မပေါ်သေးဘူးလား...(ပေါ်ပါပြီ) ပေါ်ပြီ။

တတိယကွက်ဟာ ဘာမှမလိုဘူး...(မှန်ပါ့) တတိယကွက်ဟာ သာသနာတွင်းသာဖြစ်ပါစေ မလာဘဲနဲ့ ချုပ်တဲ့အကွက်...(မှန်ပါ့) စတုတ္ထအကွက်ဟာ မလာဘဲနဲ့ ချုပ်တဲ့အကွက်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

တတိယကွက်က...(မလာဘဲနဲ့ ချုပ်ပါတယ်ဘုရား) သာသနာတွင်းသမားမှာ မလာဘဲနဲ့ချုပ်တယ်၊ ဖြစ်ပျက်ကမြင်လိုက်တော့ ဒီကြားထဲ မဂ်ကွက်က ဝင်လာတာကိုး...(မှန်ပါ့) မဝင်လာဘူးလား...(ဝင်လာပါတယ်ဘုရား)။

ဒီကြားထဲ မဂ်ကွက်ကလေးဝင်လာတော့ ဒကာ၊ဒကာမတွေ တတိယအကွက် လာသေးရဲ့လား...(မလာပါဘုရား) မဂ်က တတိယလာဖြစ်နေတယ်...(မှန်ပါ့) မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မောင်သစ်တို့ ဦးတင်တို့...အို့,သေ ဘယ်ကလာသတုံး...အရင်းကျကျသာ ရှာလိုက်တော့...(ဝိညာဏ်ကလာပါတယ်ဘုရား)။

**ဝိညာဏ်မှန်းလို့ မလိုချင်ရင် မဂ်ဉာဏ်**

ဟာ...ဒါဖြင့် ဝိညာဏ် ကျုပ်တို့က မှန်းပြီဖြစ်ပျက်နေလို့၊ ဝိညာဏ်ကို ယထာဘူတဉာဏ်နဲ့ ရလို့၊ ဝိညာဏ်ကို နိဗ္ဗိန္ဒဉာဏ်နဲ့ မှန်းလို့၊ ဝိညာဏ်ကို မလိုချင်တဲ့ ဉာဏ်နဲ့ မဂ်ဉာဏ်သာ

ပေါ်မယ်ဆိုလို့ရှိရင်ဖြင့် ဘယ်အို,သေ လာတော့မတုံး...(မှန်လှ ပါဘုရား)။

ဒါ ဘုရားသခင်နစဉ်အခါတုံးက ပင်ပင်ပန်းပန်းနဲ့တွေ့လို့ လက်သည်ရှာတဲ့နည်းဆိုတော့ ဩော်...ဒါစိတ္တာနုပဿနာ ရှာတာကိုး...(မှန်ပါ)။

ဘာရှာသတုံး...(စိတ္တာနုပဿနာရှာတာပါ) စိတ္တာနုပ ဿနာ ရှာတော့ အခု ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ရှာလိုက်တော့မှ... ပိုမိုပြီးသကာလ မောင်သစ် နီးစပ်တာ မတွေ့ရသေးဘူးလား ...(တွေ့ရပါတယ်ဘုရား) သဘောပါပလား...(ပါပါတယ် ဘုရား)။

## ဝိညာဏ်ကို မသိမှာ ကြောက်ပါ

အဲဒီတော့ကို အို,သေ၏လက်သည်ဖြင့် ယနေ့တွေ့ပေပြီလို့၊ အိုရမှာကြောက်တဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့သော် နာရမှာကြောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့သော် သေရမှာကြောက်တဲ့ပုဂ္ဂိုလ်ပါ သူ့ကို မကြောက်နဲ့ ဝိညာဏ်ကို မသိမှာကြောက်၊ ဝိညာဏ်ကို မမုန်းမှာ ကြောက်၊ ဝိညာဏ်ကို မလိုချင်တဲ့ဉာဏ် မလာမှာကြောက်၊ အို,သေ မကြောက်နဲ့ (မှန်ပါ) ဒီဉာဏ် မလာမှာ ကြောက်ရမယ် (မှန်ပါ)

ဒီဉာဏ်လာရင် အို,သေလာသေးရဲ့လား...(မလာပါ) ဒါဖြင့် တယ်လည်း အဖိုးတန်ပါလား...(တန်ပါတယ်) ပေါ်ကြ ပလား...(ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ၊ဒကာမတွေ ခင်ဗျားတို့ ရေးပေးထား တဲ့ ဆယ့်နှစ်ချက်ဟာ ဝိညာဏ်ချည်း ရေးပေးထားတယ်၊

ဝိညာဏ်ဆိုတာ စိတ်နော်...(မှန်ပါ) ပေါ်ကြပလား...(ပေါ်ပါပြီ ဘုရား)။

အဲဒီတော့ မနေ့ကပဲ ပြောခဲ့ပါတယ်၊ ဒီစိတ် မနိုင်လို့ရှိရင် "စိတ္တေန နိယျတေ လောကော"ဆိုတော့ သူက ဆောင်သွားလိုက်တာ ဇာတိ, ဇရာ, မရဏရောက်ပါရော...(မှန်လှပါဘုရား)။

စိတ်မနိုင်တဲ့အတွက် ဘယ်ဆောင်သွားသလဲ...(ဇာတိ, ဇရာ, မရဏဆောင်သွားပါတယ်ဘုရား) အို,သေချည်း ဆွဲယူသွားတာပဲနော်...(မှန်ပါ)။

စိတ်နောက်ကို သတ္တဝါတွေ လိုက်ရလို့ရှိရင် ခန္ဓာတွေ ဖြစ်ဖြစ်ပြီး လိုက်ရတယ်...(မှန်ပါ) မလိုက်ဘူးလား...(လိုက်ပါတယ်ဘုရား)။

စိတ်ကြောင့် ခန္ဓာဖြစ်၊ ခန္ဓာကဖြစ်လို့ ဒကာ၊ဒကာမတို့ အို,သေနဲ့ သွားတိုးတယ်...(မှန်ပါ) မတိုးဘူးလား... (တိုးပါတယ်) အဲ..."စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ" ဆိုတာလဲ မှန်သွားပြီ...(မှန်ပါဘုရား)။

ဒီစိတ်ကလည်း "ပါပသ္မိံ ရမတိမနော"ဆိုတဲ့အတိုင်း သူကလဲ အိုဘက်, သေဘက်ချည်း ဆောင်တာပဲ...(မှန်ပါ) မဆောင်ဘူးလား...(ဆောင်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ စိတ်အလိုလိုက် စိတ်ကြိုက်တိုင်း နေကြလို့ရှိရင်တော့ဖြင့် ကိုယ်ကျိုးနည်းသွားပြီ...(မှန်ပါဘုရား)။

**စိတ်အလိုလိုက် စိတ်ကြိုက်တိုင်းနေကြရင် ကိုယ်ကျိုးနည်းပြီ**

စိတ်အလိုလိုက် စိတ်ကြိုက်တိုင်းနေကြရင် ဘာဖြစ်မယ် ထင်သလဲ...(ကိုယ်ကျိုးနည်းသွားပါပြီ) ကိုယ်ကျိုးနည်း သွားပြီ ဆိုတဲ့ဥစ္စာ မပေါ်လာသေးဘူးလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေမှာ စိတ်ကို မနိုင်သေးသ၍ ကာလပတ်လုံး ခင်ဗျားတို့သည် စိတ်သွားရာကို လိုက်ကြရဖို့ပဲရှိတယ်...(မှန်ပါ့) စိတ်ကလဲ မကောင်းမှုရှိရာမှာ သွားတယ်၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

**စိတ်ဟာ မကောင်းမှုရှိရာ သွားတယ်**

အဲဒီတော့ စိတ်ကကို မကောင်းမှုရှိရာမှာ သွားတယ် ဆိုလို့ရှိရင်ဖြင့်တဲ့၊ စိတ်က ပင်ကိုက မည်းတဲ့စိတ်မရှိ၊ ပင်ကိုက အဖြူပဲ၊ အဖြူပင်ဖြစ်ငြားသော်လဲ အပေါင်းအသင်း မည်းပြန်တော့ မည်းရတယ်။ *

စိတ်ဟာ ပင်ကိုက အဖြူ...(မှန်ပါ့) အမည်းအကုသိုလ် စေတသိက်တွေနဲ့ ပေါင်းလိုက်ရင်...(မည်းသွားပါတယ်ဘုရား) အလတ်စားနဲ့ပေါင်းရင် အလတ်စားမည်းတယ်၊ အမည်းဆုံးနဲ့ ပေါင်းရင်လဲ–အမည်းကြီးဖြစ်၊ ဒီလိုမနေဘူးလား...(နေပါတယ် ဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ သြော်...ဒါဖြင့် မည်းလဲ ဖြစ်ပျက်ရှုကွ၊ ဖြူလဲ...(ဖြစ်ပျက်ရှုရမှာပါပဲ) ဖြစ်ပျက်ရှုမကွ၊

* ပဘဿရမိဒံ ဘိက္ခဝေစိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိ လေသေဟိ ဥပက္ကိလိဋ္ဌံ။ အင်္ဂုတ္တိုရ် ပါဠိတော် (၉)

ဘာဖြစ်ဖြစ် မင်းတို့ ဒုက္ခသစ္စာချည်းပဲ၊ ဒို့သိအောင် လုပ်မယ် ဆိုလို့ရှိရင်ဖြင့် သူ့ကြောင့် မဂ္ဂသစ္စာပေါ်မှာဘဲ...(မှန်ပါ့)။

**ဓမ္မကို အားကိုးရစ်ကြ**

သူ့ရှုလို့ရှိရင်...(မဂ္ဂသစ္စာပေါ်မှာပါ) မဂ္ဂသစ္စာပေါ်မှာပဲ ဆိုတဲ့ဥစ္စာ သေချာကြပလား...(သေချာပါပြီဘုရား)။

အဲဒီမဂ္ဂသစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထဓမ္မသရဏာ" ဘိက္ခဝေ=ရဟန်းတို့၊ ဓမ္မဒီပါ= မိမိတို့ အားထုတ်ထားတဲ့ မဂ်တရားပင်လျှင် ကျွန်းကြီးသဖွယ် တည်ရစ်ကြကုန်သည်၊ ဟောထ=ဖြစ်ရစ်ကြကုန်၊ ဓမ္မကိုးကွယ် ရစ်ကြ၊ ဓမ္မအားထားရစ်ကြ၊ သေသေချာချာ ဒီဥစ္စာလည်း သံယုတ်ပါဠိတော်မှာ လာပြန်တာပဲနော်...(မှန်ပါဘုရား)။

အဲ...ဖြစ်ပျက်ရှုလိုက်တော့ နာမ်ရုပ်လဲ၊ သင်္ခါယတနလဲ၊ ဖဿလဲ၊ အကုန်ပြုလဲကုန်တာဘဲ...(မှန်ပါ) မလဲဘူးလား... (လဲပါတယ်ဘုရား)။

အဲဒီလောက် စိတ်ကိုမှီပြီးသကာလ နေတော့ ဒကာ၊ဒကာမ တွေ ခင်ဗျားတို့ စိတ္တာနုပဿနာ မလျှော့နဲ့နော်...(မှန်ပါ့ဘုရား)။

တစ်ခါ သမ္မောအဋ္ဌကထာဆရာက ဆိုလိုက်တာက ဉာဏ် နည်းပါးတဲ့ ပုဂ္ဂိုလ်များမှာတဲ့ ကိလေသာကလည်း များမယ်၊ ဉာဏ်ကလည်း နည်းမယ် ဆိုလို့ရှိရင်ဖြင့် ကာယာနုပဿနာရှု။ ဉာဏ်ကလေးက အသင့်အတင့်နဲ့ ဒိဋ္ဌိများနေတယ်ဆို စိတ္တာနု ပဿနာရှုတဲ့...(မှန်ပါ့) သူဟာ ဝေဖန်ထားပါသေးတယ်နော်... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကိုယ့်စိတ်ကို, ကိုယ်ဘာတုံး...(ဖြစ်ပျက်ရှုရပါမယ်)ကိုယ့်စိတ်ကိုယ်ရှု...(မှန်ပါဘုရား)။

နို့ သူများစိတ်ဆိုတော့ မှားသည်ရှိ, မှန်သည်ရှိတယ်... (မှန်ပါ့) ပြုံးသလိုလိုနဲ့ မဲ့တဲ့စိတ်တွေ ရှိသေးတယ်၊ သူများစိတ်ရှုရတာ...(မှန်ပါ့ဘုရား)။

ကိုယ့်စိတ်ကိုယ်ရှုဆိုတော့ ၁–နံပါတ်ကို ၂–နံပါတ်စိတ်နဲ့ ရှုလိုက်တဲ့အခါကျတော့ မှားစရာ မှောက်စရာ ရှိသေးသလား... (မရှိပါဘုရား) မရှိတော့ဘူး။

ကောင်းပြီ၊ ဝိပဿနာရှုတော့ကို ကိုယ့်စိတ်ကိုရှုတော့ ၁–ကို ၂–နဲ့ရှုလို့ ဆရာဘုန်းကြီးက ဆုံးမထားတယ်၊ တစ်နည်း အသေကို အရှင်နဲ့ရှုလို့လည်း ဆုံးမထားတယ်...(မှန်ပါ့) မဆုံးမဘူးလား...(ဆုံးမပါတယ်ဘုရား)။

အသေကို...(အရှင်နဲ့ရှုမှာပါ) အရှင်နဲ့ ရှုဆိုတာက နောက်စိတ်က အရှင်ကိုး မောင်ချစ်စိန်ရ...(မှန်ပါ့) အရင်စိတ် သေသွားပြီ...(သေသွားပါပြီဘုရား)။

အသေကို...(အရှင်နဲ့ရှုရပါမယ်) ၁–ကို...(၂–နဲ့ရှုပါ) ၂–နဲ့ရှု။ အသေကို...(အရှင်နဲ့ရှုရပါမယ်) အရှင်နဲ့ရှုဆိုတဲ့ ဥစ္စာကို ဖြစ်ပျက်ကို မဂ်နဲ့ရှု၊ အတူတူပဲ...(မှန်ပါ့) ဒါအတူတူပဲ ဒီစကားတွေဟာ...(မှန်ပါ့ဘုရား)။

စကားအမျိုးမျိုးသာ သုံးပြနေပါတယ်၊ စင်စစ်တော့ ၁–ကို ၂–နဲ့ ရှုလည်း မှန်တာပါပဲ။ အသေကို အရှင်နဲ့ရှုလည်း မှန်တာပဲ။ ဖြစ်ပျက်ကို မဂ်နဲ့ရှုကော...(မှန်တာပါပဲ) မှန်တာ ချည်းပဲ။ ဒါသဘောမှာ တစ်မျိုးတည်း၊ နားလည်မှုမှာ

အမျိုးမျိုးရှိအောင်လို့သာ တန်ဆာဆင်ပြီးသကာလ ပြောနေတယ်ဆိုတာ မောင်သစ် ရိပ်မိရဲ့လား...(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီလိုရှုလိုက်တဲ့ အခါကျတော့ ဘယ်လိုများ မြင်မှာတုံးဘုရား...ဆိုတော့ အို"ဟုတွာ အဘာဝေ့နေ အနိစ္စံ"ကိုး...(မှန်ပါ့ဘုရား)။

## ဖြစ်ပြီး၍ မရှိခြင်းသည် အနိစ္စ

ဟုတွာ=ဖြစ်ပြီး၍၊ အဘာဝေ့နေ=မရှိခြင်းသည်ပင်လျှင်၊ အနိစ္စံ=အနိစ္စပဲ...(မှန်ပါ့ဘုရား)။

ဒီနေရာမှာ ၁-နံပါတ်ကလေးဖြစ်ပြီး ၁-နံပါတ်ကလေး မရှိတာ ဘာခေါ်မလဲ...(အနိစ္စပါဘုရား)။

အဲဒီတော့ ၂-နံပါတ်ကနေ ကြည့်တော့ အို...၂-နံပါတ်ဟာ နောက်မှဖြစ်ရတာပဲ၊ သူမရှိတာသိတာပဲ... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ...(၂-နံပါတ်နောက်မှ ဖြစ်ရတာပါ) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဘာမြင်ကြသတုံးမေးရင်...(၁-နံပါတ်ကို ၂-နံပါတ်က မြင်ပါတယ်ဘုရား) မရှိတာ မြင်နိုင်သည်...(မှန်ပါ့ဘုရား)။

ဒီနေရာမှာ နဂိုက ၁-နံပါတ်ကလေး ဖြစ်သွားတယ်၊၁-နံပါတ်လေး ချုပ်သွားတယ်...(မှန်ပါ့) ၂-နဲ့ ကြည့်ပါဆိုတော့မှ ၁-ပြီးမှ ၂-တွေ့ရတာပဲဆိုတော့ ၁-ပြီးမှ ၂-လာတဲ့ဥစ္စာပဲ ၁-ကို တကယ်တွေ့မှာလား...ဟုတ်လား...(မှန်ပါ့) ၁-ချုပ်ပြီး ဒီနေရာမှာ မရှိတာကို သိမှာလား...(မရှိတာကို သိမှာပါဘုရား)။

သြော်...မရှိတာသိရင် အနိစ္စပဲ...(မှန်ပါ) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

အဲဒီတော့ "ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ"ဆိုတဲ့ အဋ္ဌကထာဆရာတွေ ဖွင့်တဲ့ အဓိပ္ပါယ်ဟာ မောင်သစ် သိပ်ရှင်းပါပြီ...(မှန်ပါဘုရား)။

ဟုတွာ=ဒီနေရာ ၁-နံပါတ်ဖြစ်၍၊ အဘာဝဋ္ဌေန= ၁-နံပါတ် ဤနေရာ၌ မရှိခြင်းသည်ပင်လျှင်၊ အနိစ္စံ=အနိစ္စပဲဆိုတော့ သူက အနိစ္စ...(မှန်ပါ) အနိစ္စပေါ်ပြီးမှ အနိစ္စဉာဏ်က နောက်မှ ပေါ်ရမှာ...(မှန်ပါ) ရှင်းကြပြီနော်...(ရှင်းပါပြီဘုရား)။ အနိစ္စပေါ်ပြီမှသာလျှင် ဘာပေါ်ရသတုံး...(အနိစ္စဉာဏ်ပေါ်ရပါတယ်) အနိစ္စဉာဏ်က နောက်က လိုက်ရမှာ မဟုတ်လား...(မှန်ပါဘုရား)။

ဒါဖြင့် အနိစ္စ, အနိစ္စဉာဏ်ဆိုတဲ့ ဥစ္စာသည် အနိစ္စကရှေ့, ဉာဏ်ကနောက်...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အနိစ္စက...(ရှေ့မှာပါ) ဉာဏ်က...(နောက်မှာပါ) အဲ...ဒီလို ရှေ့နောက်ကြားထဲမှာ ကိလေသာ မဝင်ရင်၊ ဒီရှေ့နဲ့ နောက်နဲ့ကြားထဲမှာ ကိလေသာ မဝင်ရင် ခနှစ်ရက်နဲ့ နိဗ္ဗာန်ရနိုင်တယ်၊ ခနှစ်ရက်နဲ့ သောတာပန် တည်နိုင်တယ်...(မှန်ပါဘုရား)။

## ညနေအားထုတ် မနက်ရမယ်

ရှေ့နဲ့-နောက်နဲ့ကြားထဲမှာ ကိလေသာ မဝင်ခဲ့သော်၊ ကိလေသာ ကြားမထိုးခဲ့သော် ခနှစ်ရက်နဲ့ရမယ်၊ ညနေ အား

ထုတ် မနက်တောင်ရမယ်လို့ ဘုရားကလည်း ဟောသည်...(မှန်ပါ့) မဟောဘူးလား...(ဟောပါတယ်ဘုရား)။

ဟောတော့ ခင်ဗျားမရတာ ဘာကြောင့်တုံးလို့ မေးဖို့ရာ အဖြေထွက်လာတယ်၊ သြော်...ကိလေသာ ကြားခြားသွားလို့ မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား)။

ဒါကြောင့်မို့ နှောင့်နှေးနေတာပဲ၊ ဒါကြောင့်နှောင့်နှေးနေတာပဲဆိုတဲ့ အဓိပ္ပါယ်ကတော့ဖြင့် ဘာမှ ငြင်းဆန်နေဖို့ မလိုတော့ပါဘူး...(မှန်ပါ့) လိုကြသေးရဲ့လား...(မလိုပါဘုရား)။

အေး...ဒါကြောင့် ကျွတ်ခဲလိုက်တာ ဒုက္ခတွေက ရှနေတာကြာလှပြီ။ ဟ, ဘာဆုံးမလဲ နင်တို့ဟုတ်လား။ အနိစ္စနဲ့ အနိစ္စဉာဏ်ထဲမှာ ကိလေသာကလည်း တောထ, နေတယ်...(မှန်ပါ့) ဘာမှမဝင်မှ ထူးတယ်...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

## သန္တိဋ္ဌကော ချက်ချင်းလိုက်ရမယ်

အခုတော့ အနိစ္စနဲ့, အနိစ္စဉာဏ်ထဲမှာ ပုရေပစ္ဆာက, အနိစ္စက ပုရေ မဟုတ်ဘူးလား။ ဉာဏ်က ပစ္ဆာဆိုတော့ နောက်ကျတော့ ဟုတ်ပါရဲ့ အင်မတန်ကြီး နောက်ကျသွားတော့လည်း မတတ်နိုင်ဘူး...(မှန်ပါ့ဘုရား)။

အခုတော့ဖြစ်ပျက်နဲ့ မဂ်နဲ့ဟာ ဘယ်လို ကိုက်ရမှာတုံးဆိုတော့ ဟိုတုံးက ဟောခဲ့အတိုင်း ဧဟိပဿိကော နောက်က သန္တိဋ္ဌကော ချက်ခြင်းလိုက်ရမယ်...(မှန်ပါ့ဘုရား)။

ကဲ...ဒီနေ့ ဒီတွင်တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။